# KANSAS ပြည်နယ် ပညာရေးဌာန
# မိဘများ၏ အထူးပညာရေးဆိုင်ရာ အခွင့်အရေးများ
# (လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ)

သင့်ကလေး၏ ပညာရေးအတွက် သင်နှင့်ကျောင်း အတူပါဝင်အားထုတ်ရမည်။ သင် သို့မဟုတ် ကျောင်းအတွက် သင့်ကလေး၏ ပညာရေးနှင့် ပတ်သက်ပြီး ပြဿနာများ သို့မဟုတ် စိုးရိမ်ဖွယ်ရာများ ရှိပါက သင်နှင့် သင့်ကလေး၏ ဆရာတို့သည် ထိုပြဿနာများအကြောင်း ပွင့်လင်းစွာ ဆွေးနွေးသင့်သည်။ ဤဆွေးနွေးမှုများနှင့် ပတ်သက်ပြီး သင့်စိတ်တိုင်းမကျပါက သင့်ကျောင်းခရိုင်၏ အထူးပညာရေး ညွှန်ကြားရေးမှူးထံ ဆက်သွယ်နိုင်သည်။ သင့်ကလေး၏ ပညာရေးတွင် သင်ကိုယ်တိုင် တက်ကြွစွာ ပါဝင်ရန် တိုက်တွန်းလိုပါသည်။

ဤစာရွက်စာတမ်းများတွင် "မသန်စွမ်းသည့် ကလေးသူငယ်" သို့မဟုတ် "တစ်မူထူးခြားသည့် ကလေးသူငယ်" ဟူသည့် အသုံးအနှုန်းများကို သင်တွေ့နိုင်ပါသည်။ "မသန်စွမ်းသည့် ကလေးသူငယ်" ဆိုသည်မှာ သတ်မှတ်ထားသည့် မသန်စွမ်းမှု 13 မျိုးမှ တစ်မျိုးနှင့်အထက်ပို၍ရှိပြီး ထိုမသန်စွမ်းမှုကြောင့် ပုံမှန်ပညာရေး သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားနိုင်ရန် အထူးဖန်တီးထားသည့် လမ်းညွှန်ချက်များ လိုအပ်သည့် ကလေးသူငယ်ကို ဆိုလိုသည်။ "မသန်စွမ်းသည့် ကလေးသူငယ်" ကို မသန်စွမ်းသူများ၏ ပညာရေး အက်ဥပဒေ (IDEA) နှင့် တစ်မူထူးခြားသည့် ကလေးသူငယ်များအတွက် Kansas အထူးပညာရေး အက်ဥပဒေ (ပြည်နယ်ဥပဒေ) နှစ်ရပ်စလုံးတွင် အသုံးပြုထားသည်။ IDEA သည် မသန်စွမ်းသည့် ကလေးသူငယ်များအား ပညာသင်ကြားရေးအတွက် ဖက်ဒရယ်ဥပဒေဖြစ်ပြီး ၎င်းကလေးသူငယ်များနှင့် ၎င်းတို့၏ မိဘများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများဖြင့် ပံ့ပိုးပေးသည်။ တစ်မူထူးခြားသည့် ကလေးသူငယ်များအတွက် Kansas အထူးပညာရေး အက်ဥပဒေသည် IDEA ပါ သတ်မှတ်ချက်နှင့် အရံအတား အားလုံးကို လက်တွေ့ချမှတ်ပြီး IDEA ကို ကျော်လွန်၍ ကာကွယ်စောင့်ရှောက်မှုများ ပါဝင်သည့် ပြည်နယ်ဥပဒေ ဖြစ်သည်။ မသန်စွမ်းသည့် ကလေးသူငယ်တစ်ဦးနှင့် ထိုကလေး၏ မိဘများအတွက် IDEA (ဖက်ဒရယ်ဥပဒေ) နှင့် ပြည်နယ်ဥပဒေ နှစ်ရပ်စလုံးအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ ရှိပါသည်။
"တစ်မူထူးခြားသည့် ကလေး/ကလေးများ" သည် ပြည်နယ်ဥပဒေတွင်သာ အသုံးပြုသည့် ဝေါဟာရတစ်ခုဖြစ်ပြီး (အထက်တွင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သလို) မသန်စွမ်းသည့် ကလေးတစ်ဦး သို့မဟုတ် ပါရမီရှိရှင် (အသက်၊ အတွေ့အကြုံနှင့် ပတ်ဝန်းကျင် ဆင်တူသည့် အခြားကလေးများနှင့် ယှဉ်ပါက အသိဉာဏ်စွမ်းရည်ကြောင့် ပညာရေးနယ်ပယ် တစ်ခုတွင် ဖြစ်စေ၊ တစ်ခုထက်ပိုသည့် နယ်ပယ်များတွင်ဖြစ်စေ သိသာထင်ရှားစွာ ပိုမိုအောင်မြင်မှု ရရှိထားသည် သို့မဟုတ် ထိုသို့ ရနိုင်သည့် အလားအလာကို ပြသနိုင်သည့်) ကလေးတစ်ဦးကို ဆိုလိုသည်။ ထို့ကြောင့် ပါရမီရှင်ကလေးနှင့် ထိုပါရမီရှင် ကလေး၏ မိဘတို့အတွက် ပြည်နယ်ဥပဒေအရသာ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ ရှိပါမည်။ ဖက်ဒရယ် IDEA သည် မသန်စွမ်းသည့် ကလေးသူငယ်များအတွက်သာ အကျုံးဝင်ပြီး ပါရမီရှင်ကလေးများအတွက် ***အကျုံးမဝင်ပါ***။
အလားတူပင် ဤမိဘများ၏ အခွင့်အရေးဆိုင်ရာ စာရွက်စာတမ်းတွင် "မသန်စွမ်းသည့် ကလေးသူငယ်" ဟု သုံးနှုန်း ထားပါက ထိုပြဌာန်းချက်သည် ပါရမီရှင်ကလေး မဟုတ်ဘဲ မသန်စွမ်းသည့် ကလေးတစ်ဦးအတွက်သာ အကျုံးဝင်ပါမည်။ ဤစာရွက်စာတမ်းတွင် "တစ်မူထူးခြားသည့် ကလေး" ဟု သုံးနှုန်းပါက ထိုပြဌာန်းချက်သည် မသန်စွမ်းသည့်ကလေးနှင့် ပါရမီရှင်ကလေး နှစ်မျိုးစလုံးအတွက် အကျုံးဝင်မည်။

တစ်မူထူးခြားသည့် သို့မဟုတ် တစ်မူထူးခြားနိုင်သည့် (မသန်စွမ်းမှု သို့မဟုတ် ပါရမီ ရှိသည့်) ကလေးမိဘများအနေဖြင့် သင့်တွင် ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေများအရ အချို့သော အခွင့်အရေး သို့မဟုတ် လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံ အတားများ ရှိပါသည် (ပါရမီရှင်ကလေးသူငယ်တို့၏ မိဘများအတွက် ပြည်နယ်ဥပဒေအရသာ ထိုအရံအတားများရှိသည်)။ ၎င်းအခွင့်အရေးများကို ဤ*လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားအကြောင်း အသိပေးစာတွင် ဖော်ပြထားသည်။* အဆိုပါ သင့်အခွင့်အရေးဆိုင်ရာစာရင်းကို သင့်မိခင်ဘာသာစကား သို့မဟုတ် သင်နားလည်သည့် ဆက်သွယ်ပြောဆိုနည်းဖြင့် ပေးခြင်းဖြစ်ရမည်။ ဤအခွင့်အရေးများအကြောင်း ပိုမိုအသေးစိတ် ရှင်းပြချက်များ ရယူလိုပါက သင့်ကလေး၏ ကျောင်းအုပ်၊ ကျောင်းအုပ်ချုပ်ရေးမှူး၊ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် Kansas ပြည်နယ် ပညာရေးဌာန (KSDE)၊ 900 SW Jackson St. Suite 620၊ Topeka၊ KS 66612၊ ဖုန်းနံပါတ် (800) 203-9462 သို့ ဆက်သွယ်နိုင်သည်။ ဤအခွင့်အရေးများဆိုင်ရာ မိတ္တူများကို Braille (မျက်မမြင်ဖတ်စာ)၊ အသံတိပ်နှင့် အခြားဘာသာစကားများဖြင့် သင့်ကျောင်းမှ တောင်းယူနိုင်ပါသည်။ သင့်အခွင့်အရေးများနှင့် ပတ်သက်ပြီး ထပ်မံသိလိုသည်များ ရှိပါက *Families Together, Inc*- Wichita 1-888-815-6364 သို့မဟုတ် (316) 945-7747 အသံ/TTY၊ Garden City 1-888-820-6364 သို့မဟုတ် (620) 276-6364 အသံ/TTY၊ Topeka 1-800-264-6343 သို့မဟုတ် (785) 233-4777၊ Kansas City 1-877-499-5369 သို့မဟုတ် (913) 287-1970 သို့မဟုတ် Kansas ပြည်နယ် ပညာရေးဌာန (800) 203-9462 တို့မှ အထူးပညာရေး လမ်းညွှန် မိတ္တူတစ်စောင် တောင်းယူနိုင်သည်။ ထို့အပြင် Kansas အထူးပညာရေး လုပ်ငန်းစဉ်လက်စွဲကို Kansas ပြည်နယ် ပညာရေးဌာန ဝက်ဘ်ဆိုက် https://www.ksde.gov/.မှ ရယူနိုင်သည်။

# လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားအကြောင်း အသိပေးစာ

2020 ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည်ပြင်ဆင်ခဲ့သည်

<u>မသန်စွမ်းသူ ကလေးမိဘများ</u>

မသန်စွမ်းသည့် ကျောင်းသားများ၏ ပညာရေးဆိုင်ရာ ဖက်ဒရယ်ဥပဒေဖြစ်သည့် မသန်စွမ်းသူများ၏ ပညာရေး အက်ဥပဒေ (IDEA) အရ မသန်စွမ်းသည့်ကလေး မိဘဖြစ်သည့် သင့်အတွက် ကျောင်းများက IDEA နှင့် အမေရိကန်ပြည်ထောင်စု ပညာရေးဌာန ပြဋ္ဌာန်းချက်များအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများအကြောင်း အပြည့်အဝ ရှင်းပြထားသည့် အသိပေးစာတစ်စောင်ပေးရန် လိုအပ်သည်။ ဤအသိပေးစာ မိတ္တူတစ်စောင်ကို အောက်ပါအခြေအနေများအပြင် ကျောင်း စာသင်နှစ် တစ်နှစ်လျှင်တစ်ကြိမ် သင့်ထံပေးပို့ရမည်- (1) ကနဦး လွှဲပြောင်းမှုလုပ်လျှင်ဖြစ်စေ၊ အကဲဖြတ်မှု လုပ်ဆောင်ရန် သင်တောင်းဆိုလျှင်ဖြစ်စေ၊ (2) 34 CFR §§300.151 မှ 300.153 အထိ သတ်မှတ်ချက်များအရ ပြည်နယ်သို့ တိုင်ကြားမှု တစ်ခုကို လက်ခံရရှိပြီး §300.507 အရ စာသင်နှစ်အတွင်း ပထမဆုံး တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှုကို လက်ခံ ရရှိချိန်တွင်၊ (3) သင့်ကလေးအပေါ် § 300.536 အရ နေရာထားရှိမှုအပေါ် အပြောင်းအလဲဖြစ်စေမည့် စည်းကြပ်အပြစ်ပေးမှု ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ချိန်နှင့် (4) သင်တောင်းဆိုချိန်များတွင်။ [34 CFR §300.504(a)]

ဤလုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားတွင် §300.148 (ကလေးတစ်ဦးကို ပုဂ္ဂလိကပိုင်ကျောင်းတွင် အများပိုင်ကျောင်း စရိတ်သုံး၍ တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့် ထားရှိမှု)၊ §§300.151 မှ 300.153 အထိ (ပြည်နယ်အဆင့် တိုင်ကြားရေး လုပ်ထုံးလုပ်နည်းများ)၊ §300.300 (မိဘ၏ သဘောတူခွင့်ပြုချက်)၊ §§300.502 နှင့် 300.503 (IEE နှင့် စာဖြင့်ရေးသား ကြိုတင်အသိပေးစာ)၊ §§300.505 မှ 300.518 အထိ (ကြားဝင်ဖြန်ဖြေခြင်း၊ တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြား မှုများ၊ ဖြေရှင်းသည့် လုပ်ငန်းစဉ်နှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်ဘဲ ကြားနာမှု အစရှိသည့် အခြား လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ)၊ §§300.530 မှ 300.536 အထိ (အပိုင်း B စည်းကြပ်အပြစ်ပေးမှုဆိုင်ရာ ပြဋ္ဌာန်း ချက်များ၏ အပိုင်းခွဲ E မှ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ) နှင့် §§300.610 မှ 300.625 အထိ (အပိုင်းခွဲ F မှ သတင်းအချက်အလက် မပေါက်ကြားရေး ပြဋ္ဌာန်းချက်များ) အရ ကျင့်သုံးနိုင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ အားလုံးကို အပြည့်အစုံ ရှင်းလင်းဖော်ပြထားရမည်။

<u>ပါရမီရှင်ကလေး မိဘများ</u>

တစ်မူထူးခြားသည့် ကလေးများ (မသန်စွမ်းသူနှင့် ပါရမီရှင်များ) ၏ ပညာရေးဆိုင်ရာ ပြည်နယ်ဥပဒေဖြစ်သည့် တစ်မူ ထူးခြားသည့် ကလေးများအတွက် Kansas အထူးပညာရေး အက်ဥပဒေအရ ကျောင်းများသည် ပါရမီရှင်ကလေးမိဘဖြစ်သူ သင့်အား ပြည်နယ် အထူးပညာရေး နည်းဥပဒေနှင့် ပြဋ္ဌာန်းချက်များအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများကို အပြည့်အဝ ရှင်းပြချက်များ ပါဝင်သည့် အသိပေးစာတစ်ခု ပေးရမည်။ ဤအသိပေးစာ မိတ္တူတစ်စောင်ကို (1) ကနဦး လွှဲပြောင်းမှုလုပ်ချိန် သို့မဟုတ် အကဲဖြတ်မှု လုပ်ဆောင်ရန် သင်တောင်းဆိုချိန်၊ (2) K.A.R.91-40-51 အရ သင့်အတွက် ပထမဆုံး ပြည်နယ်အဆင့် တိုင်ကြားမှုကို လက်ခံရရှိချိန်၊ (3) K.A.R. 91-40-28 အရ သင့်အတွက် ပထမဆုံး တရား မျှတသော သင့်ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှုတစ်ခုကို လက်ခံရရှိချိန်၊ (4) သင်တောင်းဆိုချိန်မှလွဲပြီး တစ်နှစ်လျှင်တစ်ကြိမ် သင့်ထံပေးပို့ရမည်။ [K.A.R. 91-40-26(d)]

## ပြည်နယ်မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအကြောင်း အသိပေးစာ
## IDEA ၏ အပိုင်း B သို့မဟုတ် ၎င်း၏ ကျင့်သုံးရန် စည်းကမ်းချက်များအရ မလိုအပ်ပါ

34 C.F.R. 300.199(a)(2) ပါ ဖက်ဒရယ် စည်းကမ်းချက်များအရ ဤစာသည် IDEA ၏ အပိုင်း B သို့မဟုတ် ၎င်း၏ ကျင့်သုံးရန် စည်းကမ်းချက်များအရ မလိုအပ်သည့် ပြည်နယ်မှ သတ်မှတ်ထားသော စည်းကမ်းချက်များအကြောင်း စာဖြင့်ရေးသား အသိပေးစာဖြစ်သည်။ ပြည်နယ်မှ သတ်မှတ်ထားသော လိုအပ်ချက်များကို (*) ဖြင့် မှတ်သားထားပြီး Kansas နည်းဥပဒေနှင့် စည်းကမ်းချက်များကို K.S.A သို့မဟုတ် K.A.R ဖြင့် ရည်ညွှန်းပေးသွားမည်။

# မာတိကာ

**အထွေထွေ အချက်အလက်များ....1**

*သင့်လျော်ပြီး အသက်အရွယ်နှင့် သက်ဆိုင်သည့် အဆောက်အဦများ....1

*အကဲဖြတ် လုပ်ထုံးလုပ်နည်းများ....1

*အကဲဖြတ်အစီရင်ခံစာ....1

စာဖြင့်ရေးသား ကြိုတင်အသိပေးစာ....1

မိခင်ဘာသာစကား....2

အီလက်ထရောနစ်ပို့စာ (အီးမေးလ်)....2

*တစ်မူထူးခြားမှု အမျိုးအစားများ....2

*ဒုတိယအဆင့်လွန် ရည်မှန်းချက်များနှင့် ကူးပြောင်းမှု ဝန်ဆောင်မှုများ....3

မိဘ၏ သဘောတူခွင့်ပြုချက် - အဓိပ္ပာယ်ဖွင့်ဆိုချက်....3

မိဘ၏ သဘောတူခွင့်ပြုချက်....3

*ဝန်ဆောင်မှုအတွက် ပါဝင်မှုအပြောင်းအလဲ သို့မဟုတ် နေရာထားရှိမှု သိသိသာသာ အပြောင်းအလဲများအတွက် မိဘ၏ သဘောတူခွင့်ပြုချက်....5

*အချို့သော ဝန်ဆောင်မှုများအတွက် သဘောတူခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းခြင်း....5

ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုများ....5

**သတင်းအချက်အလက် မပေါက်ကြားရေး....7**

အဓိပ္ပာယ်ဖွင့်ဆိုချက်များ....7

မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည်....7

မိဘများသို့ သတိပေးစာ....7

ဝင်ရောက်ကြည့်ရှုခွင့်များ....8

ဝင်ရောက်ကြည့်ရှုမှု မှတ်တမ်း....8

ကလေးတစ်ဦးတည်းအတွက်ထက်ပိုသည့် မှတ်တမ်းများ....8

သတင်းအချက်အလက် အမျိုးအစားနှင့် တည်နေရာများ စာရင်း....8

အခကြေးငွေများ....8

မိဘ၏ တောင်းဆိုမှုအရ မှတ်တမ်းများကို ပြင်ဆင်ခြင်း....9

ကြားနာရန် အခွင့်အလမ်း....9

ကြားနာမှု လုပ်ထုံးလုပ်နည်းများ....9

ကြားနာမှုရလဒ်....9

မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည့် အချက်အလက်များအား ထုတ်ဖော်ပြသရန် သဘောတူခွင့်ပြုချက်....9

အရုံအတားများ....10

သတင်းအချက်အလက် ဖျက်ဆီးခြင်း....10

**ပြည်နယ်သို့ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ....11**

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု၊ ကြားနာမှုတို့နှင့် ပြည်နယ်သို့ တိုင်ကြားမှုအကြား ခြားနားချက်....11

ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်း....11

ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ အနိမ့်ဆုံးရှိရမည် လုပ်ထုံးလုပ်နည်းများ....11

ပြည်နယ်သို့ တိုင်ကြားမှုတစ်ခု လုပ်ဆောင်ခြင်း....12

**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ....14**

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ဆောင်ခြင်း....14

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု ............ 14
စံပြုဖောင်ပုံစံများ ............ 16
ကြားဝင်ဖြန်ဖြေခြင်း............ 16
ဖြေရှင်းရေး လုပ်ငန်းစဉ် ............ 17
**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုများအတွက် ကြားနာမှုများ ............ 19**
တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု............ 19
ကြားနာမှုဆိုင်ရာ ရပိုင်ခွင့်များ ............ 19
ကြားနာမှု၏ ဆုံးဖြတ်ချက်များ ............ 20
**အယူခံများ ............ 22**
ဆုံးဖြတ်ချက် အဆုံးသတ်ဖြစ်ခြင်း၊ အယူခံ၊ ဘက်မလိုက်သည့် ပြန်လည်သုံးသပ်မှု............ 22
ကြားနာမှုနှင့် ပြန်လည်သုံးသပ်မှုများ၏ အချိန်ကန့်သတ်ချက်နှင့် အဆင်ပြေမှု............ 22
စွဲဆိုမှုများ လုပ်ဆောင်ရမည့် အချိန်ကန့်သတ်ချက် အပါအဝင် တရားမမှု စွဲဆိုမှုများ ............ 23
တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုနှင့် ကြားနာမှုတို့ကို ဆောင်ရွက်နေချိန်တွင် ကလေးအား နေရာထားရှိမှု............ 24
ရှေ့နေခများ ............ 24
**မသန်စွမ်းသည့် ကလေးသူငယ်များအား စည်းကြပ်အပြစ်ပေးရန် လုပ်ထုံးလုပ်နည်းများ ............ 26**
မှတ်ချက်- ဤအခန်းသည် ပါရမီရှင် ကလေးများနှင့် မသက်ဆိုင်ပါ။............ 26
ကျောင်းဝန်ထမ်းတို့၏ အခွင့်အာဏာ............ 26
စည်းကမ်းချိုးဖောက်၍ ဖယ်ရှားမှုများကြောင့် နေရာထားရှိမှု ပြောင်းလဲခြင်း............ 28
အနေအထားကို သတ်မှတ်ခြင်း ............ 28
အယူခံဝင်ခြင်း............ 28
အယူခံအတွင်း နေရာထားရှိမှု ............ 29
အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အကျုံးမဝင်သေးသည့် ကလေးသူငယ်များအတွက် အကာအကွယ်များ ............ 29
ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး အာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ခြင်းနှင့် ၎င်းတို့မှ အရေးယူဆောင်ရွက်ခြင်း............ 30
**ကလေးမိဘများက ပြည်သူ့အခွန်ငွေဖြင့် ပုဂ္ဂလိပိုင်ကျောင်းများတွင် ၎င်းတို့ရွေးချယ်မှုအလျောက် အပ်နှံနိုင်ရန် လိုအပ်ချက်များ............ 31**
၎င်းတို့ဆန္ဒအလျောက် ပုဂ္ဂလိကပိုင်ကျောင်းတွင် အပ်နှံထားသည့် ကလေးသူငယ်များအတွက် ဖက်ဒရယ်အဆင့် လိုအပ်ချက်များ ............ 31
* ၎င်းတို့ဆန္ဒအလျောက် ပုဂ္ဂလိကပိုင်ကျောင်းတွင် အပ်နှံထားသည့် ကလေးသူငယ်များအတွက် ပြည်နယ်အဆင့် လိုအပ်ချက်များ............ 31
FAPE နှင့်ပတ်သက်၍ ပြဿနာရှိပါက............ 31

# အထွေထွေ အချက်အလက်များ

## *သင့်လျော်ပြီး အသက်အရွယ်နှင့် သက်ဆိုင်သည့် အဆောက်အဦများ

K.A.R. 91-40-52(d)

တစ်မူထူးခြားသည့် ကလေးသူငယ်များအတွက် ထောက်ပံ့အဆောက်အဦများ အားလုံးသည် သာမန်ကလေးသူငယ်များ အတွက် ထောက်ပံ့အဆောက်အဦများနှင့် နှိုင်းယှဉ်နိုင်ရမည်။ ထို့ပြင် တစ်မူထူးခြားသည့် ကလေးသူငယ်များအတွက် ထောက်ပံ့အဆောက်အဦများ အားလုံးသည် အသက်အရွယ်နှင့် သင့်လျော်သည့် ပတ်ဝန်းကျင်များဖြစ်ပြီး ပတ်ဝန်းကျင် တစ်ခုစီသည် ပံ့ပိုးပေးသည့် သင်ကြားရေးအစီအစဉ်နှင့် ကိုက်ညီရမည်။

## *အကဲဖြတ် လုပ်ထုံးလုပ်နည်းများ

K.A.R. 91-40-7(c)

ဘုတ်အဖွဲ့သည် အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် ပြည်သူပိုင်ကျောင်းတွင် အပ်ထားသော တစ်မူထူးခြားသည့် ကလေးတစ်ဦးကို အကဲဖြတ်မှု လုပ်ဆောင်ရန် ညွှန်းဆိုပေးနိုင်သည်-

1. ကျောင်းဝန်ထမ်းများတွင် ကလေးအတွက် စိုးရိမ်ဖွယ်ရာများကို ဖြေရှင်းရာတွင် ပုံမှန်ပညာရေးအရ ကြားဝင် ဆောင်ရွက်မှုနှင့် နည်းဗျူဟာများဖြင့် လုံလောက်မည်မဟုတ်ကြောင်း ပြသပေးသည့် အချက်အလက်အခြေခံ စာရွက်စာတမ်းများ ရှိသည်။
2. ကျောင်းဝန်ထမ်းများတွင် လွှဲပြောင်းမှု မလုပ်ခင်ဖြစ်စေ၊ လွှဲပြောင်းနေရင်းဖြစ်စေ အောက်ဖော်ပြပါ ကန့်သတ်ချက် များနှင့် ကိုက်ညီကြောင်း ပြသပေးသည့် အချက်အလက်အခြေခံ စာရွက်စာတမ်းများ ရှိသည်- (a) ကလေးအား ပုံမှန်ပညာသင်ကြားသည့် အနေအထားတွင် အရည်အချင်းပြည့်မီသူ တစ်ဦးက သင့်လျော်သည့် ညွှန်ကြားချက် များဖြင့် သင်ကြားပေးခဲ့သည်၊ (b) ကလေး၏ ပညာရေးအရ အောင်မြင်မှုကို ညွှန်ကြားသင်ကြားပေးချိန်အတွင်း ထိုကျောင်းသား၏ တိုးတက်မှုအား တရားဝင်ဆန်းစစ်မှုနှင့် ကိုက်ညီသည့် အချိန်အပိုင်းအခြားများဖြင့် အကြိမ်ကြိမ် ဆန်းစစ်ပေးခဲ့သည်၊ (c) ကလေးမိဘ သို့မဟုတ် မိဘများကို ထိုဆန်းစစ်ချက် ရလဒ်များ ပေးခဲ့သည်၊ (d) ဆန်းစစ်ချက် ရလဒ်များအရ အကဲဖြတ်မှု လုပ်သင့်ကြောင်း တွေ့ရသည် သို့မဟုတ်
3. ကလေးမိဘတစ်ဦးက ထိုကလေးကို အကဲဖြတ်မှု လုပ်ဆောင်ရန် တောင်းဆို၍ သဘောတူခွင့်ပြုချက်ပေးခဲ့ပြီး ဘုတ်အဖွဲ့ကလည်း ကလေးအား အကဲဖြတ်မှု လုပ်သင့်ကြောင်း သဘောတူသည်။

## *အကဲဖြတ်အစီရင်ခံစာ

K.A.R. 91-40-10(a)

အကဲဖြတ်ခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ခြင်း လုပ်ဆောင်ပြီးတိုင်း တစ်မူထူးခြားမှု မည်သည့်အမျိုးအစားအတွက်မဆို စာဖြင့်ရေးသား အကဲဖြတ်အစီရင်ခံစာတစ်စောင် လိုအပ်သည်။

## စာဖြင့်ရေးသား ကြိုတင်အသိပေးစာ

34 CFR §300.503၊ K.S.A. 72-3430(b)(2)၊ K.S.A. 72-3432၊ K.A.R. 91-40-26

**အသိပေးစာ**

သင့်ကျောင်းခရိုင်သည် အောက်ပါတို့ကို မလုပ်ဆောင်မီ သင့်လျော်သည့်အချိန်တစ်ခု ကြိုတင်၍ တစ်မူထူးခြားသည့် ကလေး မိဘဖြစ်သော သင့်အတွက် စာဖြင့်ရေးသား အသိပေးစာ (အချို့အချက်အလက်များကို စာဖြင့်ရေးသား ဖော်ပြထားသည်) တစ်စောင် ပေးရမည်-

1. သင့်ကလေး၏ သက်သေခံဖော်ပြချက်၊ အကဲဖြတ်မှု သို့မဟုတ် ပညာရေးအရ နေရာထားရှိမှု သို့မဟုတ် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင် ကျောင်းပညာရေး (FAPE) ဖြင့် ပံ့ပိုးပေးခြင်းတို့ကို စတင်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုချက် **<u>သို့မဟုတ်</u>**
2. သင့်ကလေး၏ သက်သေခံဖော်ပြချက်၊ အကဲဖြတ်မှု သို့မဟုတ် ပညာရေးအရ နေရာထားရှိမှု သို့မဟုတ် FAPE ဖြင့် ပံ့ပိုးပေးခြင်းတို့ကို စတင်ရန် သို့မဟုတ် ပြောင်းလဲရန် ငြင်းဆိုချက်။

**အသိပေးစာပါ အကြောင်းအရာများ**

စာဖြင့်ရေးသား အသိပေးစာတွင်-

1. သင့်ကျောင်းခရိုင်က ဆောင်ရွက်ရန် အဆိုပြုသည့် သို့မဟုတ် ငြင်းဆိုသည့် ဆောင်ရွက်မှုများကို ဖော်ပြရမည်၊
2. သင့်ကျောင်းခရိုင်က ထိုသို့ဆောင်ရွက်ရန် ဘာကြောင့်အဆိုပြုရသည် သို့မဟုတ် ငြင်းဆိုရသည်ကို ရှင်းပြရမည်၊

3. ထိုဆောင်ရွက်မှုကို အဆိုပြုရန် သို့မဟုတ် ငြင်းဆိုရန် ဆုံးဖြတ်ရာတွင် သင့်ကျောင်းခရိုင်မှ အသုံးပြုသည့် အကဲဖြတ်မှု လုပ်ထုံးလုပ်နည်း၊ ဆန်းစစ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီကို ဖော်ပြရမည်၊
4. IDEA ၏ အပိုင်း B အရ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများအရ သင့်အတွက် အကာအကွယ်များရှိကြောင်း ဖော်ပြချက်တစ်ရပ် ပါဝင်ရမည်၊
5. သင့်ကျောင်းခရိုင်က အဆိုပြုသည့် သို့မဟုတ် ငြင်းဆိုသည့် ဆောင်ရွက်မှုသည် အကဲဖြတ်ရန် ကနဦးလွှဲပြောင်း ပေးမှု မဟုတ်ပါက လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများကို ဖော်ပြချက်တို့ကို မည်သို့ရယူနိုင်မည် ဖော်ပြထား ရမည်၊
6. သင် IDEA ၏ အပိုင်း B ကို သင်နားလည်နိုင်ရန် အကူအညီဖြစ်စေမည့် ရင်းမြစ်များ ပါဝင်ရမည်၊
7. သင့်ကလေး၏ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အဖွဲ့က ထည့်သွင်းစဉ်းစားခဲ့သည့် အခြားရွေးချယ်စရာ မှန်သမျှနှင့် ၎င်းရွေးချယ်စရာများကို ဘာကြောင့်ငြင်းပယ်ရသလဲ ဖော်ပြရမည်၊ **ဖြစ်ပြီး**
8. သင့်ကျောင်းခရိုင်က ဆောင်ရွက်ရန် အဆိုပြုရသည့် သို့မဟုတ် ငြင်းဆိုရသည့် အခြားအကြောင်းရင်းများကို ရှင်းလင်းချက်တစ်ခု ပါဝင်ရမည်။

**နားလည်နိုင်သည့် ဘာသာစကားဖြင့် အသိပေးစာ**

ဤအသိပေးစာသည်-

1. သာမန်အရပ်သားများ နားလည်နိုင်သည့် ဘာသာစကားဖြင့် ရေးသားထားခြင်း **ဖြစ်ပြီး**
2. လုံးဝမဖြစ်နိုင်သည့် အနေအထားမှလွဲပြီး သင့်မိခင်ဘာသာစကား သို့မဟုတ် သင်အသုံးပြုသည့် အခြားဆက်သွယ်မှု နည်းလမ်းဖြင့် ပေးခြင်းဖြစ်ရမည်။

သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်မှုနည်းလမ်းသည် စာဖြင့်ရေးသားနိုင်သည့် ဘာသာစကား မဟုတ်ပါက သင့်ကျောင်းခရိုင်သည့် အောက်ပါတို့ကို တာဝန်ယူရမည်-

1. အသိပေးစာကို သင့်ထံ နှုတ်ဖြင့်ပြန်ဆိုပေးခြင်း သို့မဟုတ် သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်မှု နည်းလမ်းသုံးပြီး အခြားနည်းလမ်းများဖြင့် ပြန်ဆိုပေးခြင်း ဖြစ်စေရန်၊
2. အသိပေးစာပါ အကြောင်းအရာများကို သင်နားလည်စေရန်**နှင့်**
3. စာပိုဒ် 1 နှင့် 2 တို့ပါ လိုအပ်ချက်များအား ဖြည့်ဆည်းပြီးဖြစ်ကြောင်း စာဖြင့်ရေးသားထားသည့် သက်သေမှတ်တမ်း ရှိသည်။

## မိခင်ဘာသာစကား

34 CFR §300.29၊ K.A.R. 91-40-1(qq)

*မိခင်ဘာသာစကား*ဆိုရာတွင် အင်္ဂလိပ်စာ မကျွမ်းကျင်သူများအတွက် သုံးသည်ဆိုပါက အောက်ပါအတိုင်း အဓိပ္ပာယ်ရမည်-

1. ထိုသူမှ ပုံမှန်အသုံးပြုသည့် ဘာသာစကား သို့မဟုတ် ကလေးဖြစ်ပါက ထိုကလေး၏ မိဘများက ပုံမှန် အသုံးပြုသည့် ဘာသာစကား၊
2. (ကလေးအား အကဲဖြတ်မှု အပါအဝင်) ကလေးနှင့် တိုက်ရိုက်ထိတွေ့မှု အားလုံးအတွက် ထိုကလေးက အိမ်တွင် ဖြစ်စေ၊ စာသင်ကြားသည့် ပတ်ဝန်းကျင်တွင်ဖြစ်စေ ပုံမှန်အသုံးပြုသည့် ဘာသာစကား။

နားမကြားသည့် သို့မဟုတ် မျက်စိမမြင်သည့် သို့မဟုတ် စာဖြင့်မရေးသားနိုင်သော ဘာသာစကား အသုံးပြုသည့် ပုဂ္ဂိုလ် တစ်ဦးဖြစ်လျှင် ထိုသူ ပုံမှန်အသုံးပြုသည့် (လက်ပြစကား၊ မျက်မမြင် သင်္ကေတ သို့မဟုတ် နှုတ်မှပြောဆိုဆက်သွယ်မှု ကဲ့သို့သော) ဆက်သွယ်မှုနည်းလမ်း။

## အီလက်ထရောနစ်ပို့စာ (အီးမေးလ်)

34 CFR §300.505

သင့်ကျောင်းခရိုင်တွင် မိဘများကို အီးမေးလ်ဖြင့် စာရွက်စာတမ်းများ လက်ခံရယူရန် ရွေးချယ်ခွင့်ပေးပါက အောက်ပါစာရွက် စာတမ်းများကို အီးမေးလ်မှရယူရန် ရွေးချယ်နိုင်သည်-

1. စာဖြင့်ရေးသား ကြိုတင်အသိပေးစာ၊
2. လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများအကြောင်း အသိပေးစာ**နှင့်**
3. တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှုအတွက် အသိပေးစာများ

## *တစ်မူထူးခြားမှု အမျိုးအစားများ

K.S.A. 72-3404(g)၊ K.A.R. 91-40-1(w)၊ K.A.R. 91-40-1(bb)

Kansas အထူးပညာရေး ဥပဒေများနှင့် ပြဋ္ဌာန်းချက်များအရ တစ်မူထူးခြားမှု အမျိုးအစားများတွင် ကျောင်းနေအရွယ် "ပါရမီရှင်" ကလေးများဟူသည့် အမျိုးအစားတစ်ခု ပါဝင်သည်။

## *ဒုတိယအဆင့်လွန် ရည်မှန်းချက်များနှင့် ကူးပြောင်းမှု ဝန်ဆောင်မှုများ

K.S.A. 72-3429(c)(8)နှင့် K.A.R. 91-40-1(uuu)

အသက် 14 နှစ်မှစတင်ပြီး ထို့နောက်တွင် နှစ်စဉ်မွမ်းမံပြင်ဆင်သွားမည့် မသန်စွမ်း ကလေးသူငယ်အတွက် IEP တွင် အောက်ပါတို့ ပါဝင်ရမည်- (a) လေ့ကျင့်ရေး၊ ပညာရေး၊ အလုပ်ရရှိမှု၊ လေ့လာသင်ယူမှု လမ်းကြောင်းများနှင့် သင့်လျော်ပါက အကူအညီမလိုဘဲ နေထိုင်နိုင်မှု စွမ်းရည်များနှင့် ပတ်သက်ပြီး သင့်လျော်သည့် ကူးပြောင်းမှုဆိုင်ရာ ဆန်းစစ်ချက်များအပေါ် အခြေခံသည့် သင့်လျော်သည့် တိုင်းတာနိုင်မည့် ဒုတိယအဆင့်လွန် ရည်မှန်းချက်များနှင့် (b) ကလေးအား သတ်မှတ်ထားသည့် ဒုတိယအဆင့်လွန် ရည်မှန်းချက်များသို့ ရောက်ရှိနိုင်ရန်အတွက် သင့်လျော်သည့် သင်ယူမှုလမ်းကြောင်းများ အပါအဝင် ကူးပြောင်းမှု ဝန်ဆောင်မှုများ။

## မိဘ၏ သဘောတူခွင့်ပြုချက် - အဓိပ္ပာယ်ဖွင့်ဆိုချက်

34 CFR §300.9၊ K.A.R. 91-40-1 (l)

**သဘောတူခွင့်ပြုချက်**

*သဘောတူခွင့်ပြုချက်* ဆိုသည်မှာ -

1. သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်မှုနည်းလမ်းများဖြင့် (လက်ပြစကား၊ မျက်မမြင် သင်္ကေတ သို့မဟုတ် နှုတ်မှပြောဆိုဆက်သွယ်မှု) သင်သဘောတူခွင့်ပြုချက်ပေးမည့် ဆောင်ရွက်မှုဆိုင်ရာ အချက်အလက် အားလုံးအကြောင်း သင့်အားအပြည့်အဝ အသိပေးပြီးဖြစ်သည်ဟု အဓိပ္ပာယ်ရသည်
2. သင်သည် ထိုဆောင်ရွက်မှုအား နားလည်၍ ဆောင်ရွက်ရန် သဘောတူပြီး သဘောတူခွင့်ပြုချက်တွင် ထိုဆောင်ရွက်မှုကို ဖော်ပြထားကာ အခြားသူများထံ ပေးပို့မည့် မှတ်တမ်းများ (ရှိပါက) နှင့် ထိုမှတ်တမ်းများကို လက်ခံရရှိမည့်သူများကို ဖော်ပြထားရမည် **<u>ပြီးလျှင်</u>**
3. ဤသဘောတူခွင့်ပြုချက်ကို သင့်ဆန္ဒအလျောက်သာ ပေးရမည်ဖြစ်ကြောင်းနှင့် သင့်သဘောတူခွင့်ပြုချက်ကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း သင်နားလည်သည်။

သင့်ကလေး အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ စတင်၍ လက်ခံရရှိပြီးနောက် သဘောတူခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်း (ပယ်ဖျက်) လိုပါက စာဖြင့်ရေးသား၍ ပယ်ဖျက်ရမည်။ သဘောတူညီချက်အား ရုပ်သိမ်းခြင်းကြောင့် သင်သဘောတူခွင့်ပြုချက်ပေးပြီးနှင့် သဘောတူခွင့်ပြုချက်ကို ပြန်မရုပ်သိမ်းမီအကြား ဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်မှုကို ပျက်ပြယ်စေမည် မဟုတ်ပါ။ ထို့ပြင် ကျောင်းခရိုင်သည် သင်သဘောတူခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းပြီးနောက်တွင် သင့်ကလေး အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို လက်ခံရရှိခဲ့ကြောင်း ရည်ညွှန်းချက်မှန်သမျှကို ဖယ်ရှားရန်အတွက် သင့်ကလေး၏ ပညာရေးမှတ်တမ်းကို ပြုပြင်ရန် (ပြောင်းလဲရန်) မလိုအပ်ပါ။

## မိဘ၏ သဘောတူခွင့်ပြုချက်

34 CFR §300.300၊ K.A.R. 91-40-27

**ဤကနဦး အကဲဖြတ်မှုအတွက် သဘောတူခွင့်ပြုချက်**

သင့်ကျောင်းခရိုင်သည် ***စာဖြင့်ရေးသား ကြိုတင်အသိပေးစာ***နှင့် ***မိဘ၏ သဘောတူခွင့်ပြုချက်*** ခေါင်းစဉ်များအရ ဖော်ပြထားသည့်အတိုင်း အဆိုပြုထားသည့် ဆောင်ရွက်မှုအတွက် စာဖြင့်ရေးသား ကြိုတင်အသိပေးစာ ဦးစွာပေး၍ သင့်သဘောတူခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ သင့်ကလေး အထူး ပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လက်ခံရယူရန် အကျုံးဝင်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် ကနဦး အကဲဖြတ်မှု လုပ်ဆောင်နိုင်မည် မဟုတ်ပါ။

သင့်ကျောင်းခရိုင်သည် သင့်ကလေး တစ်မူထူးခြားခြင်း ရှိမရှိ ဆုံးဖြတ်နိုင်ရန်အတွက် ကနဦး အကဲဖြတ်မှုတစ်ရပ် လုပ်ဆောင်ရန် သင့်သဘောတူခွင့်ပြုချက်ကို ရယူနိုင်ရန် ကျိုးကြောင်းဆီလျော်သည့် အတိုင်းအတာအထိ ကြိုးပမ်းရမည်။

ကနဦး အကဲဖြတ်မှု ဆောင်ရွက်ရန် သင်သဘောတူခွင့်ပြုခြင်းသည် ကျောင်းခရိုင်အား တစ်မူထူးခြားသည့် သင့်ကလေး အတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် စတင်ပံ့ပိုးပေးရန် သင့်သဘောတူ ခွင့်ပြုချက်ပေးခြင်း မဟုတ်ပါ။

သင့်ကျောင်းခရိုင်သည် အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေ စည်းကမ်းချက် နောက်တစ်ခုအရ ကျောင်းခရိုင်အား ဆောင်ရွက်ရန် သတ်မှတ်ထားခြင်း မရှိသရွေ့ကနဦး အကဲဖြတ်မှုဆိုင်ရာ ဝန်ဆောင်မှု သို့မဟုတ် လှုပ်ရှားမှုတစ်ခုကို သဘောတူခွင့်ပြုရန် သင်ငြင်းဆိုမှုကို သင် သို့မဟုတ် သင့်ကလေးက အခြားဝန်ဆောင်မှု၊ အကျိုးခံစားခွင့် သို့မဟုတ် လှုပ်ရှားမှုကို ငြင်းဆိုခြင်းဖြစ်သည်ဟု မှတ်ယူနိုင်မည် မဟုတ်ပါ။

သင့်ကလေးကို ပြည်သူပိုင်ကျောင်းတွင် အပ်နှံထားပြီး၊ သင့်ကလေးကို ပြည်သူပိုင်ကျောင်းတွင် အပ်နှံရန် သင်ကြိုးစားနေပြီး ကနဦး အကဲဖြတ်မှု လုပ်ဆောင်ရန် မေတ္တာရပ်ခံချက်တစ်ခုကို ပြန်ကြားခြင်းမရှိပါက သို့မဟုတ် သဘောတူခွင့်ပြုချက် မပေးပါက သင့်ကျောင်းခရိုင်သည် မဖြစ်မနေမဟုတ်သော်လည်း IDEA သို့မဟုတ် ပြည်နယ်ဥပဒေအရ ကြားဝင်ဖြန်ဖြေခြင်း သို့မဟုတ် တရားမျှတသော ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှု၊ ဖြေရှင်းရန် အစည်းအဝေးနှင့် တရားမျှတသော ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ သင့်ကလေးအတွက် ကနဦး အကဲဖြတ်မှု လုပ်ဆောင်ရန် ကြိုးပမ်းနိုင်သည်။ သင့်ကျောင်းခရိုင်သည် ဤအခြေအနေများတွင် သင့်ကလေးအတွက် အကဲဖြတ်မှုကို လုပ်ဆောင်မည် မဟုတ်ပါက သင့်ကလေးကို ရှာဖွေရန်၊ သတ်မှတ်ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန် ဝတ္တရားများကို ချိုးဖောက်မှုမြောက်မည် မဟုတ်ပါ။

**ပြည်နယ်အုပ်ထိန်းခံ ကလေးသူငယ်များအား ကနဦး အကဲဖြတ်မှုအတွက် အထူးစည်းမျဉ်းများ**

*ပြည်နယ်အုပ်ထိန်းခံ ကလေးသူငယ်များ*သည် IDEA တွင် သုံးနှုန်းပုံအရ ထိုကလေးနေရာ ပြည်နယ်တွင် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ ဖြစ်ကြသည် - 1. မွေးစားကလေး၊ 2. ပြည်နယ်ဥပဒေအရ ပြည်နယ်အုပ်ထိန်းခံ ကလေးသူငယ်ဟု သတ်မှတ်ခံရသူ **<u>သို့မဟုတ်</u>** 3. ပြည်သူပိုင် ကလေးသူငယ် လူမှုဖူလုံရေး အေဂျင်စီ၏ အုပ်ထိန်းမှု အောက်ရှိသူ။ (*ပြည်နယ်အုပ်ထိန်းခံ ကလေးသူငယ်များ* တွင် IDEA ပါ သုံးနှုန်းမှုအရ *မိဘ*ဟု သတ်မှတ်ချက်နှင့် ကိုက်ညီသည့် မွေးစားမိဘတို့၏ မွေးစားကလေး မပါဝင်ပါ။)

ကလေးသည် ပြည်နယ်အုပ်ထိန်းခံဖြစ်ပြီး သူ/သူမ၏ မိဘများနှင့် အတူမနေပါက ကျောင်းခရိုင်သည် အောက်ပါအခြေအနေ များတွင် ထိုကလေး တစ်မူထူးခြားမှုရှိမရှိ ဆုံးဖြတ်နိုင်ရန် ကနဦး အကဲဖြတ်မှုအတွက် မိဘ၏ သဘောတူခွင့်ပြုချက် မလိုအပ်ပါ-

1. ကျောင်းခရိုင်သည် ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများကြားမှ ကလေးမိဘများကို ရှာမတွေ့ပါက၊
2. မိဘများ၏ အခွင့်အရေးများကို ပြည်နယ်ဥပဒေအရ ပိတ်ပင်ခဲ့ပါက သို့မဟုတ်
3. တရားသူကြီးတစ်ဦးသည် မိဘမဟုတ်သည့် အခြားပုဂ္ဂိုလ်တစ်ဦးအား ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခွင့် ပေးရန် သတ်မှတ်ပေးခဲ့ပြီး ထိုပုဂ္ဂိုလ်သည် ကနဦး အကဲဖြတ်မှုပေးရန် သဘောတူခွင့်ပြုချက်ပေးခဲ့ပါက။

**ဝန်ဆောင်မှုများအတွက် မိဘ၏ သဘောတူခွင့်ပြုချက်**

သင့်ကျောင်းခရိုင်သည် တစ်မူထူးခြားသည့် သင့်ကလေးအား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံး အကြိမ် မပေးမီ သင့်သဘောတူခွင့်ပြုချက်ကို ရယူရမည်။

သင့်ကျောင်းခရိုင်သည် တစ်မူထူးခြားသည့် သင့်ကလေးအား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံး အကြိမ် မပေးမီ သင့်သဘောတူခွင့်ပြုချက်ကို ရယူနိုင်ရန် ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများ လုပ်ဆောင်ရမည်။

တစ်မူထူးခြားသည့် သင့်ကလေးအား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံးအကြိမ်ပေးရန် မေတ္တာ ရပ်ခံချက်ကို သင်အကြောင်းမပြန်ခဲ့ပါက သို့မဟုတ် အဆိုပါ သဘောတူခွင့်ပြုချက်ပေးရန် ငြင်းပယ်ခဲ့ပါက သို့မဟုတ် သင့်သဘောတူခွင့်ပြုချက်ကို ပေးပြီးနောက်မှ စာဖြင့်ရေးသား၍ ပြန်လည်ရုပ်သိမ်း (ပယ်ဖျက်) ခဲ့ပါက သင့်ကျောင်းခရိုင်သည် သင့်ခွင့်ပြုချက်မရှိဘဲ (သင့်ကလေး၏ IEP အဖွဲ့မှ အကြံပြုထားသည့်) သင့်ကလေးအား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်သည်ဟု သဘောတူညီချက် သို့မဟုတ် တရားရုံးဆုံးဖြတ်ချက်တစ်ခု ရယူရန် လုပ်ထုံးလုပ်နည်း ဆိုင်ရာ အရံအတားများ (ကြားဝင်ဖြန်ဖြေခြင်း၊ တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှု၊ ဖြေရှင်းရန် အစည်းအဝေး သို့မဟုတ် တရားမျှတသော ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု) ကို အသုံးပြုခြင်း မပြုရပါ။

တစ်မူထူးခြားသည့် သင့်ကလေးအား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံးအကြိမ်ပေးရန် မေတ္တာ ရပ်ခံချက်ကို သင်အကြောင်းမပြန်ခဲ့ပါက သို့မဟုတ် အဆိုပါ သဘောတူခွင့်ပြုချက်ပေးရန် ငြင်းပယ်ခဲ့ပါက သို့မဟုတ် သင့်သဘောတူခွင့်ပြုချက်ကို ပေးပြီးနောက်မှ စာဖြင့်ရေးသား၍ ပြန်လည်ရုပ်သိမ်း (ပယ်ဖျက်) ခဲ့ပါက သင့်ကျောင်းခရိုင်သည် သင့်သဘောတူခွင့်ပြုချက် တောင်းခံရခြင်း အကြောင်းရင်းဖြစ်သည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးခဲ့ခြင်း မရှိပါက-

1. သင့်ကလေးကို ထိုသို့ဝန်ဆောင်မှုများပေးရန် ပျက်ကွက်မှုကြောင့် သင့်ကလေးအတွက် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ပံ့ပိုးပေးရန် စည်းကမ်းချက်ကို ချိုးဖောက်ခြင်း မဟုတ်ပါ။ ထို့အပြင်
2. သင့်သဘောတူခွင့်ပြုချက် တောင်းခံရသည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများပေးရန် တစ်ဦးစီ အလိုက် ပညာရေး အစီအစဉ် (IEP) အစည်းအဝေးလုပ်ရန် သို့မဟုတ် သင့်ကလေးအတွက် IEP တစ်ခု ရေးဆွဲရန် မလိုအပ်ပါ။

အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုအားလုံးအတွက် သင့်သဘောတူခွင့်ပြုချက်ကို သင့်ကလေးအား အထူး ပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပထမဆုံးအကြိမ် ပံ့ပိုးပေးပြီးနောက် မည်သည့်အချိန်တွင်မဆို စာဖြင့် ရေးသား ပြန်လည်ရုပ်သိမ်း (ပယ်ဖျက်) ခဲ့လျှင် ကျောင်းခရိုင်သည် အဆိုပါ ဝန်ဆောင်မှုများ ဆက်လက်မပေးဘဲ ရပ်တန့်နိုင်သော်လည်း ၎င်းဝန်ဆောင်မှုများကို မရပ်တန့်မီ ***စာဖြင့်ရေးသား ကြိုတင်အသိပေးစာ***အခန်းတွင် ဖော်ပြထားသည့်အတိုင်း ထိုသို့ စာဖြင့်ရေးသား ကြိုတင်အသိပေးစာတစ်စောင် သင့်ထံပေးပို့ရမည်။

**ပြန်လည်အကဲဖြတ်ရန် မိဘ၏ သဘောတူခွင့်ပြုချက်**

သင့်ကျောင်းခရိုင်သည် အောက်ပါတို့ကို သရုပ်ပြနိုင်ခြင်း မရှိသရွေ့ သင့်ကလေးအား ပြန်လည်အကဲမဖြတ်မီ သင့်ထံမှ သဘောတူခွင့်ပြုချက်ကို ရယူရန်လိုသည်-

4. ကျောင်းခရိုင်သည် သင့်ကလေးအား ပြန်လည်အကဲဖြတ်ရန် သင့်ထံမှ သဘောတူခွင့်ပြုချက် ရယူနိုင်ရန်အတွက် ကျိုးကြောင်းသင့်တင့်သလျောက် ဆောင်ရွက်ခဲ့သည့်**<u>အပြင်</u>**
5. သင်ပြန်လည်အကြောင်းပြန်ခြင်း မရှိပါ။

သင့်ကလေးအား ပြန်လည်အကဲဖြတ်ရန်အတွက် သဘောတူခွင့်ပြုချက်ပေးရန် သင်ငြင်းဆိုခဲ့ပါက သင့်ကျောင်းခရိုင်သည် မဖြစ်မနေမဟုတ်သော်လည်း ကြားဝင်ဖြန်ဖြေခြင်း၊ တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှု၊ ဖြေရှင်းရန် အစည်း အဝေးနှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ သင့်ကလေးအား ပြန်လည်အကဲဖြတ်ရန်အတွက် သဘောတူခွင့်ပြုချက်ပေးရန် ငြင်းဆိုမှုကို ကျော်လွှားပြီး သင့်ကလေးအား ပြန်လည်အကဲဖြတ်ရန် ကြိုးပမ်းနိုင်သည်။ ကနဦး အကဲဖြတ်မှုနှင့် အလားတူပင် သင့်ကျောင်းခရိုင်သည် ဤပုံစံဖြင့် ပြန်လည် အကဲဖြတ်ရန် ကြိုးပမ်းခြင်းမရှိပါက IDEA ၏ အပိုင်း B အရဖြစ်စေ၊ ပြည်နယ်ဥပဒေအရဖြစ်စေ ၎င်း၏ ဝတ္တရားများကို ချိုးဖောက်မှုမြောက်မည် မဟုတ်ပါ။

**မိဘ၏ သဘောတူခွင့်ပြုချက်ကို ရယူရန် ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများကို မှတ်တမ်းတင်သည့် စာရွက်စာတမ်းများ**

6. သင့်ကျောင်းသည် ကနဦး အကဲဖြတ်မှုများအတွက် သင့်သဘောတူခွင့်ပြုချက်ကို ရယူရန်၊ ပထမဆုံးအကြိမ် အထူး ပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများပေးရန်၊ ပြန်လည်အကဲဖြတ်ရန်နှင့် ကနဦး အကဲဖြတ်မှုအတွက် ပြည်နယ် အုပ်ထိန်းခံကလေးတို့၏ မိဘများကို ရှာဖွေရန် ၎င်းတို့မှ ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများကို စာရွက် စာတမ်းများဖြင့် မှတ်တမ်းတင်ထားရန် လိုအပ်သည်။ ထိုစာရွက်စာတမ်းများတွင် အောက်ပါတို့ကဲ့သို့သော နယ်ပယ်များ၌ ကျောင်းခရိုင်၏ ကြိုးပမ်းမှုမှတ်တမ်းများ ပါဝင်ရမည်-
7. ဖုန်းခေါ်ရန်ကြိုးပမ်းမှု သို့မဟုတ် ဖုန်းခေါ်ဆိုမှုများနှင့် ထိုခေါ်ဆိုမှုရလဒ်များ၏ အသေးစိတ်မှတ်တမ်းများ၊
8. သင့်ထံဆက်သွယ်မှုများနှင့် လက်ခံရရှိခဲ့သည့် ပြန်ကြားမှု မိတ္တူများနှင့်
9. သင့်အိမ် သို့မဟုတ် အလုပ်သို့ ကိုယ်တိုင်လာရောက်မှုများနှင့် ထိုသို့လာရောက်မှုရလဒ်များ၏ အသေးစိတ် မှတ်တမ်းများ။

**အခြား သဘောတူခွင့်ပြုချက် လိုအပ်ချက်များ**

သင့်ကျောင်းခရိုင်က-

10. သင့်ကလေး၏ အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရှိရင်းစွဲ အချက် အလက်များကို ပြန်လည်သုံးသပ်ရာတွင် ဖြစ်စေ
11. အခြားကလေးအားလုံးကိုလည်း လုပ်ဆောင်ပေးသည့် စစ်ဆေးမှု သို့မဟုတ် အကဲဖြတ်မှုကို ထိုသို့လုပ်ဆောင်ရန် ထိုကလေးအားလုံး၏ မိဘများထံမှ သဘောတူခွင့်ပြုချက် လိုအပ်ချိန်မှလွဲပြီး သင့်ကလေးအား ထိုစစ်ဆေးမှု သို့မဟုတ် အကဲဖြတ်မှု လုပ်ဆောင်ရာတွင်ဖြစ်စေ သင့်သဘောတူခွင့်ပြုချက် မလိုအပ်ပါ။

သင့်ကလေးကို သင်ကိုယ်တိုင် ကုန်ကျစရိတ်ခံ၍ ပုဂ္ဂလိကပိုင်ကျောင်းတွင် အပ်နှံထားသည်ဖြစ်စေ၊ သင့်ကလေးကို အိမ်ကျောင်းထားသည်ဖြစ်စေ ထားရှိပြီး သင့်ကလေး၏ ကနဦး အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်မှုအတွက် သင့်သဘောတူခွင့်ပြုချက် မပေးပါက သို့မဟုတ် သင့်သဘောတူခွင့်ပြုချက်ပေးရန် မေတ္တာရပ်ခံချက်များကို ပြန်ကြားရန် ပျက်ကွက်ပါက ကျောင်းခရိုင်သည် ၎င်း၏ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ (ကြားဝင်ဖြန်ဖြေခြင်း၊ တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှု၊ ဖြေရှင်းရန် အစည်းအဝေး သို့မဟုတ် တရားမျှတသော ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု) ကို အသုံးမပြုရဘဲ သင့်ကလေးကို မျှတသော ဝန်ဆောင်မှုများ (မိဘမှ အပ်နှံထားရှိသည့် အချို့ပုဂ္ဂလိကပိုင်ကျောင်းနေ တစ်မူထူးခြားသည့် ကလေးသူငယ်များ ရယူနိုင်သည့် ဝန်ဆောင်မှုများ) အတွက် အကျုံးဝင်သည်ဟု မှတ်ယူရန်လည်း မလိုအပ်ပါ။

## *ဝန်ဆောင်မှုအတွက် ပါဝင်မှုအပြောင်းအလဲ သို့မဟုတ် နေရာထားရှိမှု သိသိသာသာ အပြောင်းအလဲများအတွက် မိဘ၏ သဘောတူခွင့်ပြုချက်

**K.S.A. 72-3430(b)(6)၊ K.S.A. 72-3404(aa)၊ K.S.A. 72-3404(bb)၊ K.A.R. 91-40-27(a)(3)၊ K.A.R. 91-40-1(mm) နှင့် 91-40-1(sss)**

ကျောင်းခရိုင်သည် တစ်မူထူးခြားသည့် ကလေးတစ်ဦးအတွက် "ဝန်ဆောင်မှုအတွက် ပါဝင်မှုအပြောင်းအလဲ" သို့မဟုတ် "နေရာထားရှိမှု သိသိသာသာ အပြောင်းအလဲ" မလုပ်မီ မိဘ၏ စာဖြင့်ရေးသား သဘောတူခွင့်ပြုချက် ရယူရမည်။ ဝန်ဆောင်မှုအတွက် ပါဝင်မှုအပြောင်းအလဲ ဆိုသည်မှာ သင့်ကလေး၏ IEP တွင် ဖော်ပြထားသည့် အထူးပညာရေး ဝန်ဆောင်မှု၊ သက်ဆိုင်ရာ ဝန်ဆောင်မှု သို့မဟုတ် အရန်ထောက်ပံ့မှု သို့မဟုတ် ဝန်ဆောင်မှု ကြာချိန် သို့မဟုတ် အကြိမ်ရေ 25 ရာခိုင်နှုန်းနှင့်အထက် လျော့နည်းခြင်း သို့မဟုတ် တိုးခြင်းကို ဆိုလိုပါသည်။ နေရာထားရှိမှု သိသိသာသာ အပြောင်းအလဲ ဆိုသည်မှာ သင့်ကလေး ကျောင်းတက်သည့်အချိန်၏ 25 ရာခိုင်နှုန်းကျော်ကို တင်းကျပ်မှုနည်းသည့် ပတ်ဝန်းကျင်တစ်ခုမှ ပိုမိုတင်းကျပ်သည့် ပတ်ဝန်းကျင်တစ်ခုသို့ဖြစ်စေ၊ ပိုမိုတင်းကျပ်သည့် ပတ်ဝန်းကျင်တစ်ခုမှ တင်းကျပ်မှုနည်းသည့် ပတ်ဝန်းကျင်တစ်ခုသို့ဖြစ်စေ ပြောင်းလဲထားရှိခြင်းကို ဆိုလိုသည်။

## *အချို့သော ဝန်ဆောင်မှုများအတွက် သဘောတူခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းခြင်း

**K.A.R. 91-40-1(l)(3)(C) နှင့် K.A.R. 91-40-27(k)**

IEP အဖွဲ့က ကလေးသည် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး ရရှိရန်အတွက် အချို့သော ဝန်ဆောင်မှု သို့မဟုတ် နေရာထားရှိမှုများကို မလိုအပ်ကြောင်း စာဖြင့်ရေးသား အတည်ပြုပါက မိဘများသည် ထိုဝန်ဆောင်မှု သို့မဟုတ် နေရာထားရှိမှုများအတွက် သဘောတူခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

## ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုများ

**34 CFR §300.502၊ K.A.R. 91-40-12**

**အထွေထွေ**

အောက်တွင်ဖော်ပြထားသည့်အတိုင်း သင့်ကျောင်းခရိုင်မှ ရရှိသည့် သင့်ကလေးအား အကဲဖြတ်ချက်ကို သင်သဘောမတူ ပါကပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှု (IEE) တစ်ခု ရယူခွင့်ရှိပါသည်။

ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုတစ်ရပ်ကို သင်တောင်းဆိုပါက ကျောင်းခရိုင်သည် ထိုပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုကို မည်သည့်နေရာမှ ရယူနိုင်မည်နှင့် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုအတွက် လိုက်နာရမည့် ကျောင်းခရိုင်၏ သတ်မှတ်ချက်အကြောင်း သင့်အားအသိပေးရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

*ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှု* ဆိုသည်မှာ သင့်ကလေး ပညာရေးအတွက် တာဝန်ရှိသည့် ကျောင်း ခရိုင်မှ အလုပ်ခန့်ထားခြင်း မဟုတ်သည့် အရည်အချင်းပြည့်မီသော စစ်ဆေးသူတစ်ဦးက ဆောင်ရွက်သည့် အကဲဖြတ်ချက် တစ်ရပ် ဖြစ်သည်။

*ပြည်သူပိုင်ကျောင်းမှ ကျခံမှု* ဆိုသည်မှာ အက်ဥပဒေ၏ အပိုင်း B ပါလိုအပ်ချက်များကို လိုက်နာနိုင်ရန် ပြည်နယ်တိုင်း အနေဖြင့် ရရှိနိုင်သည့် ပြည်နယ်၊ နယ်မြေတွင်း၊ ဖက်ဒရယ်နှင့် ပုဂ္ဂလိကပိုင် ရင်းမြစ်မှန်သမျှကို အသုံးပြုခွင့်ပေးသည့် IDEA ၏ အပိုင်း B ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကဲဖြတ်မှုစရိတ် အလုံးစုံကို ကျောင်းခရိုင်က ကျခံခြင်း သို့မဟုတ် သင့်အတွက် ကုန်ကျစရိတ် လုံးဝမရှိဘဲ ထိုအကဲဖြတ်မှု ဆောင်ရွက်ပေးခြင်းကို ဆိုလိုသည်။

**ပြည်သူပိုင်ကျောင်းမှ ကျခံမှုဖြင့် အကဲဖြတ်မှု ရယူခွင့်**

အောက်ပါကန့်သတ်ချက်များနှင့် ကိုက်ညီသရွေ့ သင့်ကျောင်းခရိုင်မှ ရရှိသည့် သင့်ကလေးအား အကဲဖြတ်ချက်ကို သင်သဘောမတူပါက ပြည်သူပိုင်ကျောင်းမှ ကျခံမှုဖြင့် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုတစ်ရပ် ရယူခွင့်ရှိပါသည်-

1. သင် ပြည်သူပိုင်ကျောင်းမှ ကျခံမှုဖြင့် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုတစ်ရပ် ရယူရန် တောင်းဆိုခဲ့ပါက သင့်ကျောင်းခရိုင်သည် မလိုအပ်သည့် နှောင့်နှေးမှု <u>မရှိစေဘဲ</u>- (a) သင့်ကလေးအား ၎င်းတို့ ကျောင်းခရိုင်၏ အကဲဖြတ်မှုမှာ သင့်လျော်ကြောင်း ပြသရန် ကြားနာမှုတစ်ခုကို တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ တိုင်ကြားမှုဖြင့် တောင်းဆိုရမည် <u>သို့မဟုတ်</u> (b) ကြားနာရာတွင် သင့်ကျောင်းခရိုင်က သင်ရရှိခဲ့သည့် သင့်ကလေးအား ၎င်းတို့မှ အကဲဖြတ်မှုသည် ကျောင်းခရိုင်၏ သတ်မှတ်ချက်များနှင့် မကိုက်ညီကြောင်း သရုပ်ပြခဲ့ခြင်း မရှိသရွေ့ ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် ပညာရေး အကဲဖြတ်ချက်တစ်ခုကို ပြည်သူပိုင် ကျောင်းမှ ကျခံ၍ လုပ်ဆောင်ပေးရမည်။
2. သင့်ကျောင်းခရိုင်က ကြားနာမှုတစ်ခုကို တောင်းဆိုခဲ့ပြီး သင့်ကလေးအား သင့်ကျောင်းခရိုင်၏ အကဲဖြတ်မှုသည် သင့်လျော်သည်ဟု အဆုံးသတ်ဆုံးဖြတ်ချက်ချခဲ့ပါက ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုကို ရယူခွင့်ရှိသေးသော်လည်း ပြည်သူပိုင်ကျောင်းမှ ကျခံမည် မဟုတ်ပါ။
3. သင့်ကလေးအတွက် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုတစ်ခုကို သင်တောင်းဆိုခဲ့ပါက ကျောင်းခရိုင်သည် သင့်ကလေးအား သင့်ကျောင်းခရိုင်၏ အကဲဖြတ်မှုကို အဘယ်ကြောင့် ကန့်ကွက်ရသနည်း မေးမြန်းနိုင်ပါသည်။ သို့သော်လည်း ကျောင်းခရိုင်သည် ထိုမေးခွန်းကို မဖြစ်မနေ ဖြေကြားရန် သတ်မှတ်ခြင်းနှင့် သင့်ကလေးအတွက် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုတစ်ခုကို ပြည်သူပိုင်ကျောင်းမှ ကျခံ၍ လုပ်ဆောင်ပေးခြင်း သို့မဟုတ် သင့်ကလေးအပေါ် ၎င်းတို့ကျောင်းခရိုင်၏ အကဲဖြတ်မှုကို ခုခံကာကွယ်ရန် တရား မျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတစ်ခုကို တောင်းဆိုရန် တိုင်ကြားမှုတင်ခြင်းကို ကျိုးကြောင်းမဆီလျော်ဘဲ နှောင့်နှေးခြင်းများ မရှိစေရ။

သင်လက်မခံသည့် သင့်ကျောင်းခရိုင်က သင့်ကလေးအား အကဲဖြတ်မှုတစ်ခုလျှင် ပြည်သူပိုင်ကျောင်းမှ ကျခံမှုဖြင့် သင့်ကလေးအတွက် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှု တစ်ကြိမ်သာ ရယူခွင့်ရှိသည်။

**မိဘမှအစပြုသည့် အကဲဖြတ်မှုများ**

ပြည်သူပိုင်ကျောင်းမှ ကျခံမှုဖြင့် သင့်ကလေးအတွက် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုတစ်ရပ် ရယူခဲ့လျှင် သို့မဟုတ် သင်ကိုယ်တိုင် အကုန်အကျခံ ရယူခဲ့သည့် သင့်ကလေးအား အကဲဖြတ်ချက်တစ်ရပ်ကို ကျောင်းခရိုင်ထံသို့ မျှဝေပေးခဲ့လျှင်-

1. ထိုအကဲဖြတ်မှုသည် ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုများအတွက် ကျောင်းခရိုင်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သင့်ကျောင်းခရိုင်သည် သင့်ကလေးအတွက် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ပံ့ပိုးပေးခြင်းနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက် မှန်သမျှတွင် ထိုအကဲဖြတ်မှု၏ ရလဒ်များကို ထည့်သွင်းစဉ်းစားရမည် **ဖြစ်ပြီး**

2. သင် သို့မဟုတ် သင့်ကျောင်းခရိုင်သည် သင့်ကလေးနှင့် ပတ်သက်၍ တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ ကြားနာမှု တစ်ခုတွင် အကဲဖြတ်မှုကို သက်သေအဖြစ် တင်ပြနိုင်သည်။

**အကဲဖြတ်မှုများအတွက် ကြားနာသည့်အရာရှိများ၏ မေတ္တာရပ်ခံချက်များ**

ကြားနာသည့်အရာရှိတစ်ဦးက တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သီးခြား လွတ်လပ်သည့် အကဲဖြတ်မှုကို တောင်းဆိုခဲ့ပါက ထိုအကဲဖြတ်မှု ကုန်ကျစရိတ်ကို ပြည်သူပိုင်ကျောင်းမှ ကျခံရမည်။

**ကျောင်းခရိုင်၏ သတ်မှတ်ချက်**

ပညာရေးဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှုကို ပြည်သူပိုင်ကျောင်းမှ ကျခံခြင်းဖြစ်ပါက အကဲဖြတ်မှုလုပ်ရာ နေရာနှင့် စစ်ဆေးသူ၏ အရည်အချင်းပြည့်မီမှုတို့ အပါအဝင် အကဲဖြတ်မှု ရယူခဲ့သည့် အခြေအနေများသည် အကဲဖြတ်မှု တစ်ခု လုပ်ဆောင်ရာတွင် ကျောင်းခရိုင်က အသုံးပြုသည့် သတ်မှတ်ချက်များနှင့် (ဤသတ်မှတ်ချက်များသည် ပညာရေး ဆိုင်ရာ သီးခြားလွတ်လပ်သည့် အကဲဖြတ်မှု ရယူရန် သင့်အခွင့်အရေးနှင့် ညီညွတ်သရွေ့) အတူတူဖြစ်ရမည်။

အထက်ပါ သတ်မှတ်ချက်များမှလွဲပြီး ကျောင်းခရိုင်သည် ပြည်သူပိုင်ကျောင်းမှ ကျခံမှုဖြင့် ပညာရေးဆိုင်ရာ သီးခြား လွတ်လပ်သည့် အကဲဖြတ်မှု ရယူခြင်းနှင့် စပ်လျဉ်းပြီး ကန့်သတ်ချက် သို့မဟုတ် အချိန်သတ်မှတ်ချက်များ ချမှတ်ခြင်း မရှိရပါ။

# သတင်းအချက်အလက် မပေါက်ကြားရေး

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

34 CFR §300.611၊ K.A.R. 91-40-50
သတင်းအချက်အလက် မပေါက်ကြားရေး ခေါင်းစဉ်အောက်တွင် အသုံးပြုထားသည့်အတိုင်း-

- *ဖျက်ဆီးခြင်း* ဆိုသည်မှာ သတင်းအချက်အလက်ကို မည်သူမည်ဝါနှင့် သက်ဆိုင်ကြောင်း ခွဲခြားသိရှိနိုင်ခြင်း မရှိတော့စေရန် မည်သူမည်ဝါ သိစေနိုင်မည့် အချက်အလက်များကို လက်တွေ့ဖျက်ဆီးခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို ဆိုလိုသည်။
- *ပညာရေး မှတ်တမ်းများ*ဆိုသည်မှာ 34 CFR အပိုင်း 99 (1974 ခုနှစ် ပညာရေးဆိုင်ရာ မိသားစု အခွင့်အရေးများနှင့် ကိုယ်ရေးအချက်အလက် မပေါက်ကြားရေး အက်ဥပဒေ၊ 20 U.S.C. 1232g (FERPA)) ပါ "ပညာရေးမှတ်တမ်းများ" အား အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အကျုံးဝင်သည့် မှတ်တမ်းအမျိုးအစားများကို ဆိုလိုသည်။
- *ပါဝင်သည့် အေဂျင်စီ* ဆိုသည်မှာ IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ မည်သူမည်ဝါ ခွဲခြားသိရှိ နိုင်မည့် အချက်အလက်များကို စုဆောင်းသည့်၊ ထိန်းသိမ်းသည့် သို့မဟုတ် အသုံးပြုသည့် သို့မဟုတ် ထိုအချက်အလက်များပေးသည့် ကျောင်းခရိုင်၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်း မှန်သမျှကို ဆိုလိုသည်။

## မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည်

34 CFR §300.32
*မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည်* ဆိုသည်မှာ အောက်ပါတို့ပါဝင်သည့် အချက်အလက်များကို ဆိုလိုသည်-

(a) သင့်ကလေးအမည်၊ မိဘအနေဖြင့် သင့်အမည် သို့မဟုတ် အခြားမိသားစုဝင်တစ်ဦး၏ အမည်၊

(b) သင့်ကလေး၏လိပ်စာ၊

(c) သင့်ကလေး၏ လူမှုဖူလုံရေးအမှတ် သို့မဟုတ် ကျောင်းသားအမှတ်တို့ ကဲ့သို့သော ကိုယ်ပိုင်အမှတ်များ **<u>သို့မဟုတ်</u>**

(d) သင့်ကလေးဖြစ်ကြောင်း အတန်အသင့် သေချာစွာ ခွဲခြားသိရှိနိုင်စေမည့် ပုဂ္ဂိုလ်ရေး ဝိသေသလက္ခဏာများ သို့မဟုတ် အခြားအချက်အလက်များ စာရင်းတစ်ခု။

## မိဘများသို့ သတိပေးစာ

34 CFR §300.612၊ K.A.R. 91-40-50(b)
ပြည်နယ်ပညာရေး အေဂျင်စီသည် မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များ မပေါက်ကြားရေးနှင့် ပတ်သက်ပြီး မိဘများအား အပြည့်အဝ အသိပေးရန် ပြည့်စုံလုံလောက်သည့် အသိပေးစာတစ်စောင် ပေးရမည်ဖြစ်ပြီး အဆိုပါ အသိပေးစာတွင်-

1. အသိပေးစာကို ပေးသည့်အတိုင်းအတာကို ပြည်နယ်အတွင်း လူအုပ်စုမျိုးစုံ၏ မိခင်ဘာသာစကားဖြင့် ပြန်ဆို၍ ရှင်းလင်းဖော်ပြချက်တစ်ရပ်၊

2. ထိန်းသိမ်းထားသည့် မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များ၏ ပိုင်ရှင်ကလေးသူငယ်များအကြောင်း၊ ရှာဖွေရရှိသည့် သတင်းအချက်အလက် အမျိုးအစားများ၊ သတင်းအချက်အလက် စုဆောင်းရာတွင် ပြည်နယ်က အသုံးပြုရန် ရည်ရွယ်ထားသည့် နည်းလမ်းများ (ထိုသတင်းအချက်အလက် စုဆောင်းရရှိသည့် ရင်းမြစ်များ အပါအဝင်) နှင့် ထိုအချက်အလက်များအား အသုံးပြုမည့်နည်းလမ်းများအား ရှင်းလင်းဖော်ပြချက်တစ်ရပ်၊

3. ပါဝင်သည့် အေဂျင်စီများက မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည့် အချက်အလက်များကို သိမ်းဆည်းခြင်း၊ အခြား သက်ဆိုင်သူများသို့ အသိပေးခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ဖျက်ဆီးခြင်းတို့အတွက် လိုက်နာရမည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ် ဖော်ပြချက်**<u>နှင့်</u>**

4. ပညာရေးဆိုင်ရာ မိသားစု အခွင့်အရေးများနှင့် ကိုယ်ရေးအချက်အလက် မပေါက်ကြားရေး အက်ဥပဒေ (FERPA) နှင့် 34 CFR အပိုင်း 99 ပါ ၎င်းကိုချမှတ်ရန် စည်းကမ်းချက်များအရ အခွင့်အရေးများ အပါအဝင် ဤသတင်းအချက် အလက်များနှင့် ပတ်သက်ပြီး မိဘများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများ အားလုံးကို ဖော်ပြချက် တစ်ရပ်တို့ ပါဝင်ရမည်။

အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို လိုအပ်သည့် ကလေးသူငယ်များကို သတ်မှတ်ဖော်ထုတ်ရန်၊ ရှာဖွေရန် သို့မဟုတ် အကဲဖြတ်ရန် အဓိကလှုပ်ရှားမှုတစ်စုံတစ်ခု မလုပ်မီ ("ကလေးရှာဖွေမှု" ဟုလည်းခေါ်သည်) အဆိုပါ လှုပ်ရှားမှုများအကြောင်း ပြည်နယ်တစ်လျှောက်လုံးမှ မိဘများအား သင့်လျော်စွာ အသိပေးနိုင်ရန် အသိပေးစာတစ်ခုကို သတင်းစာ သို့မဟုတ် သတင်းမီဒီယာ သို့မဟုတ် နှစ်မျိုးစလုံးတွင် ထည့်သွင်းခြင်း သို့မဟုတ် ကြေငြာခြင်းများ လုပ်ရမည်။

## ဝင်ရောက်ကြည့်ရှုခွင့်များ

34 CFR §300.613၊ K.A.R. 91-40-50(b)

ပါဝင်သည့် အေဂျင်စီသည် IDEA ၏ အပိုင်း B နှင့် ပြည်နယ်ဥပဒေအရ ကျောင်းခရိုင်မှ စုဆောင်းထားသည့်၊ ထိန်းသိမ်း ထားသည့်၊ အသုံးပြုထားသည့် သင့်ကလေးနှင့် ပတ်သက်သော ပညာရေးမှတ်တမ်းများ မှန်သမျှကို သင်ကြည့်ရှုခွင့်နှင့် ပြန်လည်သုံးသပ်ခွင့် ပေးရမည်။ ပါဝင်သည့် အေဂျင်စီသည် သင့်ကလေး၏ ပညာရေးမှတ်တမ်းများကို ကြည့်ရှုရန်နှင့် ပြန်လည်သုံးသပ်ရန် သင့်မေတ္တာရပ်ခံချက်ကို မလိုအပ်သည့် နှောင့်နှေးမှုများမရှိဘဲ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အတွက် အစည်းအဝေး သို့မဟုတ် တရားမျှတသည့် ရပိုင်ခွင့်အရ ဘက်မလိုက်သည့် ကြားနာမှုများ (မသန်စွမ်းသည့် ကလေးတစ်ဦးအား စည်းကြပ်အပြစ်ပေးခြင်းနှင့် ပတ်သက်ပြီး ဖြေရှင်းရေး အစည်းအဝေး သို့မဟုတ် ကြားနာမှုတို့ အပါအဝင်) မလုပ်မီ လိုက်နာရမည်ဖြစ်ပြီး မည်သည့်အခြေအနေတွင်ဖြစ်စေ သင်မေတ္တာရပ်ခံချက်လုပ်ပြီး ပြက္ခဒိန်ရက် 45 ရက်ထက် နောက်မကျစေရပါ။

ပညာရေးမှတ်တမ်းများအား ကြည့်ရှုခွင့်နှင့် သုံးသပ်ခွင့်ဆိုင်ရာ သင့်အခွင့်အရေးတွင် အောက်ပါတို့ပါဝင်သည်-

1. မှတ်တမ်းများအား ရှင်းပြခြင်းနှင့် ပြန်ဆိုခြင်းတို့ကို သင်ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုမှုများအတွက် ပါဝင်သည့်အေဂျင်စီမှ ပြန်ကြားမှုကို ရပိုင်ခွင့်၊
2. မှတ်တမ်းမိတ္တူများ သင့်ကိုမပေးသရွေ့ ထိုမှတ်တမ်းများအား သင်ထိရောက်စွာ ကြည့်ရှုနိုင်ရန်နှင့် သုံးသပ်နိုင်ရန် အတွက် ပါဝင်သည့် အေဂျင်စီထံမှ မှတ်တမ်းမိတ္တူများကို သင်တောင်းဆိုခွင့်**နှင့်**
3. သင့်ကိုယ်စားလှယ်အား မှတ်တမ်းများကို ကြည့်ရှုရန်နှင့် သုံးသပ်ရန် တာဝန်ပေးခွင့်။

ပါဝင်သည့် အေဂျင်စီသည် အုပ်ထိန်းမှု၊ ကွဲကွာမှုနှင့် ကွာရှင်းမှုတို့ ကဲ့သို့သော ကိစ္စရပ်များနှင့် သက်ဆိုင်ရာ ပြည်နယ် ဥပဒေအရ သင့်တွင်အခွင့်အာဏာမရှိဟု သတ်မှတ်ထားခြင်း မရှိသရွေ့ သင့်ကလေးနှင့်သက်ဆိုင်ရာ မှတ်တမ်းများကို ကြည့်ရှုရန်နှင့် သုံးသပ်ရန် သင့်တွင် အခွင့်အာဏာရှိသည်ဟု မှတ်ယူရမည်။

## ဝင်ရောက်ကြည့်ရှုမှု မှတ်တမ်း

34 CFR §300.614၊ K.A.R. 91-40-50(b)

ပါဝင်သည့် အေဂျင်စီတိုင်းသည် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ စုထောင်းထားသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် အသုံးပြုခဲ့သည့် ပညာရေးမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခွင့် ရရှိခဲ့သူများအား ထိုသူ၏အမည်၊ ဝင်ရောက် ကြည့်ရှုခွင့်ပေးသည့် ရက်စွဲနှင့် ထိုသူအား မှတ်တမ်းများကို အသုံးပြုခွင့်ပေးရခြင်း အကြောင်းရင်းတို့ အပါအဝင် မှတ်တမ်း တင်ထားရမည်။

## ကလေးတစ်ဦးတည်းအတွက်ထက်ပိုသည့် မှတ်တမ်းများ

34 CFR §300.615၊ K.A.R. 91-40-50(b)

ပညာရေးမှတ်တမ်းတွင် ကလေးတစ်ဦးတည်းထက်ပိုသည့် သတင်းအချက်အလက်များ ပါဝင်ပါက ထိုကလေးမိဘများသည် ၎င်းတို့ကလေးနှင့် ပတ်သက်သည့် အချက်အလက်များကိုသာ ကြည့်ရှုခွင့်နှင့် သုံးသပ်ခွင့် သို့မဟုတ် ထိုသက်ဆိုင်ရာ အချက် အလက်အကြောင်းသာ အသိပေးခွင့် ရှိပါသည်။

## သတင်းအချက်အလက် အမျိုးအစားနှင့် တည်နေရာများ စာရင်း

34 CFR §300.616၊ K.A.R. 91-40-50(b)

တောင်းဆိုလာလျှင် ပါဝင်သည့် အေဂျင်စီတစ်ခုစီသည် ၎င်းအေဂျင်စီမှ စုဆောင်းခဲ့သည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် အသုံးပြုခဲ့သည့် ပညာရေးမှတ်တမ်း အမျိုးအစားနှင့် တည်နေရာများကို စာရင်းပြုစုပေးရမည်။

## အခကြေးငွေများ

34 CFR §300.617၊ K.A.R. 91-40-50(b)

ပါဝင်သည့် အေဂျင်စီတစ်ခုစီသည် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ သင့်အတွက် ထုတ်ပေးသည့် မိတ္တူများ အတွက် အခကြေးငွေကို ထိုမှတ်တမ်းများ သင်ကြည့်ရှုခွင့်နှင့် သုံးသပ်ခွင့်တို့ကို ကျင့်သုံးမှုအား ထိုအခကြေးငွေကြောင့် လုံးဝ ပိတ်ပင်တားဆီးမှု မရှိသရွေ့ ထိုအခကြေးငွေများ ကောက်ခံနိုင်သည်။

ပါဝင်သည့် အေဂျင်စီသည် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ သတင်းအချက်အလက်များ ရှာဖွေရန် သို့မဟုတ် ရယူရန်အတွက် အခကြေးငွေ တောင်းခံခြင်း မရှိစေရ။

## မိဘ၏ တောင်းဆိုမှုအရ မှတ်တမ်းများကို ပြင်ဆင်ခြင်း

34 CFR §300.618၊ K.A.R. 91-40-50(b)

IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ စုဆောင်းခဲ့သည့်၊ ထိန်းသိမ်းခဲ့သည့်၊ အသုံးပြုခဲ့သည့် သင့်ကလေးနှင့် သက်ဆိုင်ရာ ပညာရေးမှတ်တမ်းများပါ အချက်အလက်များ တိကျမှန်ကန်မှုမရှိ၊ အမြင်လွဲမှားနိုင်သည် သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးအချက်အလက် မပေါက်ကြားခွင့် သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု သင်ယုံကြည်ပါက ထိုအချက်အလက်များကို ထိန်းသိမ်းထားသည့် ပါဝင်သည့် အေဂျင်စီအား ၎င်းအချက်အလက်များကို ပြောင်းလဲရန် တောင်းဆိုနိုင်သည်။

ပါဝင်သည့် အေဂျင်စီသည် သင့်တောင်းဆိုချက်ကို လက်ခံရရှိပြီးနောက် ကျိုးကြောင်းဆီလျော်သည့် အချိန်ကာလတစ်ခု အတွင်း သင့်တောင်းဆိုချက်နှင့်အညီ အချက်အလက်များကို ပြောင်းလဲမည်၊ မပြောင်းလဲမည် ဆုံးဖြတ်ရမည်။

ပါဝင်သည့် အေဂျင်စီသည် သင့်တောင်းဆိုချက်နှင့်အညီ အချက်အလက်များကို ပြောင်းလဲရန် ငြင်းပယ်ခဲ့ပါက ထိုသို့ ငြင်းပယ်ကြောင်း သင့်ထံအသိပေးပြီး ***ကြားနာရန် အခွင့်အလမ်း***အခန်းတွင် ဖော်ပြထားသည့်အတိုင်း သင်၏ ကြားနာမှုတစ်ခု ရယူခွင့်အကြောင်း အသိပေးတိုင်ပင်ရမည်။

## ကြားနာရန် အခွင့်အလမ်း

34 CFR §300.619၊ K.A.R. 91-40-50(b)

တောင်းဆိုလာပါက ပါဝင်သည့် အေဂျင်စီသည် သင့်ကလေး၏ ပညာရေးမှတ်တမ်းပါ အချက်အလက်များ တိကျမှုမရှိခြင်း၊ အမြင်လွဲမှားနိုင်ခြင်း သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးအချက်အလက် မပေါက်ကြားခွင့် သို့မဟုတ် အခြားအခွင့် အရေးများကို ချိုးဖောက်ခြင်း မဖြစ်စေရန် ထိုအချက်အလက်များကို စိန်ခေါ် နိုင်မည့် ကြားနာရန် အခွင့်အလမ်းပေးရမည်။

## ကြားနာမှု လုပ်ထုံးလုပ်နည်းများ

34 CFR §300.621၊ K.A.R. 91-40-50(b)

ပညာရေးမှတ်တမ်းများကို စိန်ခေါ်မည့် ကြားနာမှုတစ်ခုကို ပညာရေးဆိုင်ရာ မိသားစု အခွင့်အရေးများနှင့် ကိုယ်ရေးအချက် အလက် မပေါက်ကြားရေး အက်ဥပဒေ (FERPA) ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ပေးရမည်။

## ကြားနာမှုရလဒ်

34 CFR §300.620၊ K.A.R. 91-40-50(b)

ပါဝင်သည့် အေဂျင်စီက ကြားနာမှု၏ ရလဒ်အနေဖြင့် ထိုအချက်အလက်များ တိကျမှန်ကန်မှုမရှိကြောင်း၊ အမြင်လွဲမှား နိုင်ကြောင်း သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးအချက်အလက် မပေါက်ကြားခွင့် သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါက ထိုအချက်အလက်များကို ထိုက်သင့်သလို ပြောင်းလဲပြီး သင့်ထံစာဖြင့်ရေးသား အသိပေးရမည်။

ပါဝင်သည့် အေဂျင်စီက ကြားနာမှု၏ ရလဒ်အနေဖြင့် ထိုအချက်အလက်များ တိကျမှန်ကန်ကြောင်း၊ အမြင်လွဲမှားနိုင်ခြင်း မရှိကြောင်း သို့မဟုတ် သင့်ကလေး၏ ကိုယ်ရေးအချက်အလက် မပေါက်ကြားခွင့် သို့မဟုတ် အခြားအခွင့်အရေးများကို ချိုးဖောက်ခြင်း မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့ပါက ၎င်းအေဂျင်စီသည် သင့်ကလေးနှင့် ပတ်သက်ပြီး ၎င်းတို့ထိန်းသိမ်း ထားသည့် မှတ်တမ်းများအတွင်း ၎င်းပါဝင်သည့် အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် သင်သဘောမတူရခြင်း အကြောင်းရင်းများ သို့မဟုတ် ထိုသို့သဘောမတူကြောင်း မှတ်ချက်များ ပါဝင်သည့် ဖော်ပြချက်တစ်ခုကို ထည့်သွင်းခွင့် သင့်တွင်ရှိကြောင်း အသိပေးရမည်။

သင့်ကလေး၏ မှတ်တမ်းများတွင် ထည့်သွင်းပေးမည့် အဆိုပါ ရှင်းပြချက်ကို-

1. ထိုပါဝင်သည့် အေဂျင်စီက သင့်ကလေးမှတ်တမ်း သို့မဟုတ် ထိုသို့အငြင်းပွားခဲ့သည့် အပိုင်းတို့ကို ၎င်းပါဝင်သည့် အေဂျင်စီ က ထိန်းသိမ်းထားသရွေ့ သင့်ကလေးမှတ်တမ်းများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ထိန်းသိမ်းထည့်သွင်း ပေးထားရမည်**ဖြစ်ပြီး**
2. ပါဝင်သည့် အေဂျင်စီက သင့်ကလေး၏ မှတ်တမ်းများ သို့မဟုတ် ထိုသို့စိန်ခေါ်မှုဆိုင်ရာ အချက်အလက်များကို မည်သူ့ထံမဆို ထုတ်ဖော်အသိပေးခဲ့ပါက လက်ခံသိရှိမည့်သူများထံ ရှင်းပြချက်ကိုလည်း အသိပေးရမည်။

## မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည့် အချက်အလက်များအား ထုတ်ဖော်ပြသရန် သဘောတူခွင့်ပြုချက်

34 CFR §300.622၊ K.A.R. 91-40-50(b)

သတင်းအချက်အလက်များကို ပညာရေး မှတ်တမ်းများတွင် ထည့်သွင်းထားပြီး မိဘ၏ သဘောတူခွင့်ပြုချက်မပါဘဲ ပညာရေးဆိုင်ရာ မိသားစု အခွင့်အရေးများနှင့် ကိုယ်ရေးအချက်အလက် မပေါက်ကြားရေး အက်ဥပဒေ (FERPA) နှင့်အညီ ထုတ်ဖော်အသိပေးရန် ခွင့်ပြုခြင်းဖြစ်ပါက မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များကို ပါဝင်သည့် အေဂျင်စီ၏ အရာရှိများမှလွဲပြီး အခြားပုဂ္ဂိုလ်များထံ အသိမပေးမီ သင့်သဘောတူခွင့်ပြုချက်ကို ရယူရမည်။

အောက်တွင်ဖော်ပြထားသည့် အခြေအနေများမှလွဲပြီး IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ပြီး ပါဝင်သည့် အေဂျင်စီများမှ အရာရှိများထံ မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် သတင်းအချက်အလက်များ မပေးပို့မီ သင့် သဘောတူခွင့်ပြုချက်ကို မလိုအပ်ပါ။

ကူးပြောင်းမှု ဝန်ဆောင်မှုပေးနေသည့် သို့မဟုတ် ထိုဝန်ဆောင်မှုများအတွက် အကုန်အကျခံသည့် ပါဝင်သည့်အေဂျင်စီ အရာရှိများထံ မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် သတင်းအချက်အလက်များ ပေးပို့ခြင်းမပြုမီ သင့်သဘောတူခွင့်ပြုချက် သို့မဟုတ် ပြည်နယ်ဥပဒေအရ အသက်ပြည့်ပြီဟု သတ်မှတ်သည့် အကျိုးဝင်သော ကလေးသူငယ်၏ သဘောတူ ခွင့်ပြုချက်ကို ရယူရန်လိုသည်။

သင့်ကလေးသည် သင်နေထိုင်ရာ ကျောင်းခရိုင်နှင့် မတူသည့် ပုဂ္ဂလိကကျောင်းတွင် တက်နေလျှင် သို့မဟုတ် တက်ရောက် တော့မည်ဆိုလျှင် ထိုပုဂ္ဂလိကကျောင်း တည်ရှိရာ ပြည်သူပိုင်ကျောင်းခရိုင် အရာရှိများနှင့် သင်နေထိုင်ရာ ပြည်သူပိုင် ကျောင်းခရိုင် အရာရှိများအကြား သင့်ကလေးနှင့် ပတ်သက်ပြီး မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက် တစ်စုံ တစ်ရာ ပေးပို့ခြင်းမပြုမီ သင့်သဘောတူခွင့်ပြုချက်ကို ရယူရန်လိုသည်။

## အရံအတားများ

34 CFR §300.623၊ K.A.R. 91-40-50(b)

ပါဝင်သည့် အေဂျင်စီတိုင်းသည် စုဆောင်းသည့်၊ သိမ်းဆည်းသည့်၊ ထုတ်ဖော်အသိပေးသည့်၊ ဖျက်ဆီးသည့် အဆင့်များတွင် မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များ မပေါက်ကြားရေး ထိန်းသိမ်းရမည်။

ပါဝင်သည့် အေဂျင်စီတစ်ခုလျှင် အရာရှိတစ်ဦးက မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များ မပေါက်ကြားရေးကို ထိန်းသိမ်းရန် တာဝန်ယူရမည်။

မည်သူမည်ဝါ ခွဲခြားသိရှိနိုင်သည့် အချက်အလက်များကို စုဆောင်းသည့် သို့မဟုတ် အသုံးပြုသည့် ပုဂ္ဂိုလ်အားလုံးကို IDEA ၏ အပိုင်း B၊ ပြည်နယ်ဥပဒေနှင့် ပညာရေးဆိုင်ရာ မိသားစု အခွင့်အရေးများနှင့် ကိုယ်ရေးအချက်အလက် မပေါက်ကြားရေး အက်ဥပဒေ (FERPA).တို့အရ မပေါက်ကြားရေးနှင့် ပတ်သက်ပြီး သင့်ပြည်နယ် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အကြောင်း လေ့ကျင့်ရေး သို့မဟုတ် လမ်းညွှန်ချက်များ ပေးထားရမည်။

ပါဝင်သည့် အေဂျင်စီတိုင်းသည် အေဂျင်စီအတွင်းမှ မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များကို ဝင်ရောက် ကြည့်ရှုနိုင်သည့် ဝန်ထမ်းတို့၏ အမည်နှင့် ရာထူးတို့ကို နောက်ဆုံးရစာရင်းတစ်ခုဖြင့် စုဆောင်းပြီး အများပြည်သူ ကြည့်ရှု နိုင်ရန် ထိန်းသိမ်းထားရမည်။

## သတင်းအချက်အလက် ဖျက်ဆီးခြင်း

34 CFR §300.624၊ K.A.R. 91-40-50(b)

သင့်ကျောင်းခရိုင်သည် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ စုဆောင်းခဲ့သည့်၊ ထိန်းသိမ်းခဲ့သည့် သို့မဟုတ် အသုံးပြုခဲ့သည့် မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များကို သင့်ကလေးအတွက် ပညာရေး ဝန်ဆောင်မှုများ ပေးရန်အတွက် ဆက်လက်မလိုအပ်တော့လျှင် မဖြစ်မနေ သင်ထံဆက်သွယ်အသိပေးရမည်။

ထို့အချက်အလက်များကို သင့်တောင်းဆိုမှုအရ ဖျက်ဆီးပေးရမည်။ သို့သော်လည်း သင့်ကလေး၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်၊ သူ/သူမ၏ ရမှတ်အဆင့်များ၊ ကျောင်းတက်မှန်ကန်မှုမှတ်တမ်း၊ တက်ရောက်ခဲ့သည့် အခန်းများ၊ အောင်မြင် ခဲ့သည့် အတန်းအဆင့်နှင့် အောင်မြင်ခဲ့သည့်နှစ်တို့ကို အမြဲတမ်းမှတ်တမ်းအဖြစ် အချိန်အကန့်အသတ်မရှိ ဆက်လက် ထိန်းသိမ်းနိုင်သည်။

# ပြည်နယ်သို့ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ

## တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု၊ ကြားနာမှုတို့နှင့် ပြည်နယ်သို့ တိုင်ကြားမှုအကြား ခြားနားချက်

IDEA ၏ အပိုင်း B နှင့် ပြည်နယ်ဥပဒေအတွက် စည်းကမ်းချက်များတွင် ပြည်နယ်သို့ တိုင်ကြားမှုများနှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုနှင့် ကြားနာမှုတို့အတွက် လုပ်ထုံးလုပ်နည်းများ သီးခြားစီ ချမှတ်ထားသည်။ အောက်တွင် ရှင်းပြထားသည့်အတိုင်း လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း မည်သူမဆို ကျောင်းခရိုင်၊ ပြည်နယ် ပညာရေး အေဂျင်စီ သို့မဟုတ် အခြားပြည်သူပိုင် အေဂျင်စီတစ်ခုက အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ သတ်မှတ်ချက်များကို ချိုးဖောက်ခဲ့ကြောင်း ပြည်နယ်သို့ စွဲဆိုတိုင်ကြားမှုတစ်ခု လုပ်နိုင်သည်။ သင် သို့မဟုတ် ကျောင်းခရိုင်ကသာ တစ်မူထူးခြားသည့် ကလေး တစ်ဦးအား ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း သို့မဟုတ် ပညာရေးအရ နေရာထားရှိခြင်းကို စတင်လုပ်ဆောင်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း သို့မဟုတ် ကလေးအတွက် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင် ကျောင်းပညာရေး (FAPE) သင်ကြားပေးခြင်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှအတွက် တရားမျှတသည့် ရပိုင်ခွင့် နှင့်အညီ တိုင်ကြားမှုလုပ်နိုင်မည်။ ပြည်နယ်ပညာရေး အေဂျင်စီ ဝန်ထမ်းများသည် ပြည်နယ်သို့ တိုင်ကြားမှုကို ဖြေရှင်းရမည့် အချိန်ကန့်သတ်ချက်အား သေချာတိုးထားခြင်း မရှိသရွေ့ ထိုတိုင်ကြားမှုကို အများအားဖြင့် ပြက္ခဒိန်ရက် 60 အတွင်း ဖြေရှင်းရမည်ဖြစ်သော်လည်း ဘက်မလိုက်သည့် ကြားနာမှုဆိုင်ရာ အရာရှိသည် သင် သို့မဟုတ် ကျောင်းခရိုင်၏ တောင်းဆိုမှု အရ ကြားနာမှုအတွက် အချိန်ကန့်သတ်ချက်ကို ရက်တိုးခြင်း မလုပ်ထားသရွေ့ ဤစာတမ်းမှ ဖြေရှင်းရေး လုပ်ငန်းစဉ် ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖြေရှင်းမှုကာလ အဆုံးသတ်ပြီးနောက် 45 ရက်အတွင်း တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို (ဖြေရှင်းရေး အစည်းအဝေး သို့မဟုတ် ကြားဝင်ဖြန်ဖြေခြင်းဖြင့် ဖြေရှင်းထားခြင်း မရှိသရွေ့) ကြားနာပြီး စာဖြင့်ရေးသား ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပြန်ရမည်။ ပြည်နယ်သို့ တိုင်ကြားမှုနှင့် တရားမျှတသည့် ရပိုင်ခွင့် နှင့်အညီ တိုင်ကြားမှု၊ ဖြေရှင်းမှုနှင့် ကြားနာမှု လုပ်ထုံးလုပ်နည်းများကို အောက်တွင်ပိုမိုပြည့်စုံစွာ ဖော်ပြထားသည်။ ပြည်နယ်ပညာရေး အေဂျင်စီသည် ***စံပြုဖောင်ပုံစံများ***ခေါင်းစဉ်ဖြင့် ဖော်ပြထားသည့်အတိုင်း တရားမျှတသည့် ရပိုင်ခွင့် နှင့်အညီ တိုင်ကြားမှုများ သင်လုပ်ဆောင်ရာတွင်၊ သင် သို့မဟုတ် အခြားပုဂ္ဂိုလ်များ ပြည်နယ်သို့ တိုင်ကြားမှုများ လုပ်ဆောင်ရာတွင် အကူအညီပေးနိုင်မည့် စံပြုဖောင်ပုံစံများကို ဖန်တီးရမည်။

## ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်း

34 CFR §300.151၊ K.S.A. 72-3406

**အထွေထွေ**

ပြည်နယ်ပညာရေး အေဂျင်စီတိုင်းတွင် အောက်ပါတို့အတွက် စာဖြင့်ရေးသား လုပ်ထုံးလုပ်နည်းများ ရှိရမည်-

1. အခြားပြည်နယ်တစ်ခုမှ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်မှ တိုင်ကြားမှုတို့ အပါအဝင် တိုင်ကြားမှုမှန်သမျှကို ဖြေရှင်းရန်၊
2. ပြည်နယ်ပညာရေး အေဂျင်စီထံတွင် တိုင်ကြားမှုတစ်ခု လုပ်ဆောင်ရန်၊
3. ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မိဘများ လေ့ကျင့်ရေးနှင့် သတင်းပေးစင်တာများ၊ ကာကွယ်ရေးနှင့် လှုံ့ဆော်အားပေးရေး အေဂျင်စီများ၊ အကူအညီမလိုဘဲ နေထိုင်ရေး စင်တာများနှင့် အခြား သင့်လျော်သည့် အဖွဲ့အစည်းများ အပါအဝင် မိဘများနှင့် အခြားစိတ်ပါဝင်စားသူများထံ အကျယ်အပြန့် ဖြန့်ဝေ ပေးခြင်း။

**သင့်လျော်သည့် ဝန်ဆောင်မှုများကို ငြင်းဆိုမှုအတွက် အခြားဖြေရှင်းနည်းများ**

သင့်လျော်သည့် ဝန်ဆောင်မှုများပေးရန် ပျက်ကွက်မှုကို ပြည်နယ်ပညာရေး အေဂျင်စီက တွေ့ရှိခဲ့ရသည့် ပြည်နယ်သို့ တိုင်ကြားမှုကို ဖြေရှင်းရာတွင် ၎င်းပြည်နယ်ပညာရေး အေဂျင်စီသည် အောက်ပါတို့ကို ဖြေရှင်းရမည်-

1. ကလေးသူငယ်၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် သင့်လျော်သည့် (အစားထိုး ဝန်ဆောင်မှုများ သို့မဟုတ် ငွေပြန်အမ်းခြင်း ကဲ့သို့သော) ပြင်ဆင်ဆောင်ရွက်မှုများ အပါအဝင် သင့်လျော်သည့် ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန် ပျက်ကွက်ခြင်း**နှင့်**
2. တစ်မူထူးခြားသည့် ကလေးသူငယ်အားလုံးအတွက် ဝန်ဆောင်မှုများကို ရှေ့ဆက်ပြီးသင့်လျော်သလို ပံ့ပိုးပေးခြင်း။

## ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ အနိမ့်ဆုံးရှိရမည် လုပ်ထုံးလုပ်နည်းများ

34 CFR §300.152၊ K.A.R. 91-40-51

**အချိန်ကန့်သတ်ချက်၊ အနိမ့်ဆုံးရှိရမည် လုပ်ထုံးလုပ်နည်းများ**

ပြည်နယ်ပညာရေး အေဂျင်စီတိုင်းသည် ၎င်းတို့၏ ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် တိုင်ကြားပြီး ရက် 60 အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရန် အချိန်ကန့်သတ်ချက် ထည့်သွင်းရမည်-

1. ပြည်နယ်ပညာရေး အေဂျင်စီက စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟု သတ်မှတ်ပါက သီးခြားလွတ်လပ်သည့် ကွင်းဆင်းစုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ခြင်း၊

2. တိုင်ကြားသူကို တိုင်ကြားရာတွင် စွပ်စွဲမှုများအကြောင်း နှုတ်မှဖြစ်စေ၊ စာဖြင့်ဖြစ်စေ နောက်ထပ် အချက် အလက်များ တင်ပြနိုင်ရန် အခွင့်အလမ်းပေးခြင်း၊

3. ကျောင်းခရိုင် သို့မဟုတ် အခြား ပြည်သူ့အေဂျင်စီကို အနည်းဆုံးအနေဖြင့် ပေးအပ်ထားသည်မှာ- (a) အေဂျင်စီအား တိုင်ကြားမှုအား ဖြေရှင်းရန် အဆိုပြုချက်တစ်ရပ် တင်သွင်းရန် ရွေးချယ်ခွင့်**နှင့်** (b) တိုင်ကြားမှုလုပ်ဆောင်သည့် မိဘနှင့် အေဂျင်စီတို့ ၎င်းတို့ဆန္ဒအလျောက် ကြားဝင်ဖြန်ဖြေမှုကို ခံယူရန် ရွေးချယ်ခွင့်တို့ အပါအဝင် တိုင်ကြားမှုအား တုံ့ပြန်ရန်အခွင့်အလမ်းပေးခြင်း၊

4. သက်ဆိုင်ရာ အချက်အလက်အားလုံးကို ပြန်လည်သုံးသပ်ပြီး ထိုကျောင်းခရိုင် သို့မဟုတ် အခြားပြည်သူ့ အေဂျင်စီတင်ခဲ့သည် IDEA ၏ အပိုင်း B အရ စည်းကမ်းချက် သို့မဟုတ် ပြည်နယ်ဥပဒေ စည်းကမ်းချက်တစ်ခုကို ချိုးဖောက်မှုရှိမရှိ သီးခြားလွတ်လပ်သည့် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခြင်း**နှင့်**

5. တိုင်ကြားသူထံ စွပ်စွဲမှုတစ်ခုစီကို ဖြေရှင်းထားပြီး အောက်ပါတို့ပါဝင်သည့် ဆုံးဖြတ်ချက်တစ်ခုကို စာဖြင့်ရေးသား ချမှတ်၍ ပေးပို့ခြင်း- (a) အချက်အလက်အမှန်များ ရှာဖွေတွေ့ရှိမှုနှင့် ကောက်ချက်များ**အပြင်** (b) ပြည်နယ်ပညာရေး အေဂျင်စီ၏ အဆုံးသတ် ဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများ။

**အချိန်ထပ်တိုးခြင်း၊ အဆုံးသတ် ဆုံးဖြတ်ချက်၊ အကောင်အထည်ဖော်ခြင်း**

အထက်တွင်ဖော်ပြထားသည့် ပြည်နယ်ပညာရေး အေဂျင်စီ လုပ်ထုံးလုပ်နည်းများတွင်-

1. အောက်ပါအခြေအနေများတွင်သာ ပြက္ခဒိန်ရက် ရက် 60 ကန့်သတ်ချက်အား ထပ်တိုးခွင့်ပေးရမည်- (a) ပြည်နယ်သို့ တိုင်ကြားမှုတစ်ခုသည် အထူးအခြေအနေများနှင့် အကျုံးဝင်သည်လျှင် **သို့မဟုတ်** (b) သင်နှင့် ပါဝင်သည့် ကျောင်းခရိုင် သို့မဟုတ် အခြားပြည်သူ့အေဂျင်စီများသည် ပြည်နယ်အတွင်း ကျင့်သုံးနိုင်သည် ပြဿနာကို ကြားဝင်ဖြန်ဖြေနည်း သို့မဟုတ် အခြား အငြင်းပွားမှုဖြေရှင်းနည်းများဖြင့် ဖြေရှင်းရန်အတွက် မိမိတို့ဆန္ဒအလျောက် သဘောတူခဲ့လျှင်။

2. ပြည်နယ်ပညာရေး အေဂျင်စီ၏ အဆုံးသတ် ဆုံးဖြတ်ချက်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါက အောက်ပါတို့အပါအဝင် လုပ်ထုံးလုပ်နည်းများ ပါဝင်ရမည်- (a) နည်းစနစ်ပိုင်းဆိုင်ရာ ထောက်ပံ့ရေး လှုပ်ရှားမှုများ၊ (b) ဆွေးနွေးညှိနှိုင်းမှုများ**နှင့်** (c) စည်းကမ်းလိုက်နာရန် ပြင်ဆင်ဆောင်ရွက်မှုများ။

**ပြည်နယ်သို့ တိုင်ကြားမှုများနှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများ**

***တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားခြင်း***ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု လုပ်ဆောင်ရမည့် ပြည်နယ်သို့ စာဖြင့်ရေးသား တိုင်ကြားမှုတစ်ခုကို လက်ခံရရှိလျှင်ဖြစ်စေ၊ ပြည်နယ်သို့ တိုင်ကြားမှုတွင် ထိုသို့ကြားနာမှု လုပ်ရမည့် ပြဿနာ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ပါဝင်လျှင်ဖြစ်စေ ပြည်နယ်သည် ထိုတရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု မပြီးဆုံးမီအထိ ထိုကြားနာမှုတွင် ကိုင်တွယ်ဖြေရှင်းလျက်ရှိသည့် ပြည်နယ်သို့ တိုင်ကြားမှု၏ အစိတ်အပိုင်း မှန်သမျှကို ဖယ်ထားရမည်။ ပြည်နယ်သို့ တိုင်ကြားမှုတွင် ပါဝင်ပြီး တရား မျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုနှင့် မသက်ဆိုင်သည့် ပြဿနာမှန်သမျှကို အထက်ဖော်ပြပါ အချိန်ကန့်သတ်ချက်နှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဖြေရှင်းရမည်။

ပြည်နယ်သို့ တိုင်ကြားမှုတစ်ခုတွင် ပါဝင်သည့် ပြဿနာတစ်ခုကို တူညီသော သက်ဆိုင်သူများအကြား တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတစ်ခုဖြင့် ယခင်က ဖြေရှင်းပြီးဖြစ်ပါက ထိုတရားမျှတည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုမှ ဆုံးဖြတ်ချက်သည် ထိုပြဿနာအတွက် တရားဝင်ဖြေရှင်းမှုဖြစ်ပြီး ပြည်နယ်ပညာရေး အေဂျင်စီသည် ထိုဆုံးဖြတ်ချက်သည် တရားဝင်ဖြစ်ကြောင်း တိုင်ကြားသူထံ အသိပေးရမည်။

ကျောင်းခရိုင် သို့မဟုတ် အခြားပြည်သူ့အေဂျင်စီတစ်ခုက တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု၏ ဆုံးဖြတ်ချက် တစ်ခုကို အကောင်အထည်ဖော်ရန် ပျက်ကွက်ကြောင်း စွပ်စွဲသည့် တိုင်ကြားမှုကို ပြည်နယ်ပညာရေး အေဂျင်စီက ဖြေရှင်း ရမည်။

## ပြည်နယ်သို့ တိုင်ကြားမှုတစ်ခု လုပ်ဆောင်ခြင်း

34 CFR §300.153၊ K.A.R. 91-40-51

အဖွဲ့အစည်း သို့မဟုတ် လူတစ်ဦးအနေဖြင့် အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်မှတ်ထိုး၍ ပြည်နယ်သို့ စာဖြင့်ရေးသား တိုင်ကြားမှုတစ်ခု လုပ်နိုင်သည်။

ဤပြည်နယ်သို့ တိုင်ကြားမှုတွင် အောက်ပါတို့ပါဝင်ရမည်-

1. ကျောင်းခရိုင် သို့မဟုတ် အခြားပြည်သူ့အေဂျင်စီတစ်ခုသည် IDEA ၏ အပိုင်း B အရ လိုအပ်ချက်တစ်ခု သို့မဟုတ် 34 CFR အပိုင်း 300 အရ ၎င်းအကောင်အထည်ဖော်ရန် စည်းကမ်းချက်များ သို့မဟုတ် တစ်မူထူးခြားသည့် ကလေးများအတွက် Kansas အထူးပညာရေး အက်ဥပဒေအရ

လိုအပ်ချက်တစ်ခု သို့မဟုတ် K.A.R. 91-40- (အေဂျင်စီ 91 Kansas ပြည်နယ် ပညာရေးဌာန၊ စည်းကမ်းချက် 40၊ အထူးပညာရေး) ပါ လိုအပ်ချက်တစ်ခုကို ချိုးဖောက်ခဲ့ကြောင်း ဖော်ပြချက်တစ်ခု၊

2. ထိုဖော်ပြချက်အတွက် အခြေခံဖြစ်သည့် အချက်အလက်အမှန်များ၊

3. တိုင်ကြားမှုလုပ်သူ၏ လက်မှတ်နှင့် ၎င်းထံဆက်သွယ်ရန် အချက်အလက်များနှင့်

4. စွပ်စွဲထားသည့် ချိုးဖောက်မှုများမှာ ကလေးတစ်ဦးနှင့် သက်ဆိုင်ပါက-

   (a) ထိုကလေးအမည်နှင့် ထိုကလေး နေထိုင်ရာလိပ်စာ၊

   (b) ထိုကလေး တက်ရောက်နေသည့် ကျောင်းအမည်၊

   (c) အိမ်ခြေရာမဲ့ ကလေး သို့မဟုတ် လူငယ်အကြောင်း ဖြစ်ပါက ကလေးထံ ဆက်သွယ်ရန် အချက်အလက် များနှင့် ထိုကလေးတက်နေသည့် ကျောင်းအမည်၊

   (d) ကလေးကြုံတွေ့နေရသည့် ပြဿနာဆိုင်ရာ မှန်ကန်သည့် အချက်အလက်များ အပါအဝင် ထိုပြဿနာ သဘောသဘာဝကို ဖော်ပြချက်**နှင့်**

   (e) ပြဿနာအား သိထားသည့် အတိုင်းအတာအထိ၊ တိုင်ကြားမှုလုပ်ချိန်တွင် ထိုသို့တိုင်ကြားသူမှ အသုံးပြုနိုင်မည့် နည်းလမ်းဖြင့် ဖြေရှင်းရန် အဆိုပြုချက်။

တိုင်ကြားမှုများတွင် ***ပြည်နယ်သို့ တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်း*** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း တိုင်ကြားမှုအား လက်ခံရရှိသည့်ရက်မတိုင်မီ တစ်နှစ်အတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုကို စွပ်စွဲတိုင်ကြားခြင်း ဖြစ်ရမည်။

တိုင်ကြားသူသည် ပြည်နယ်ပညာရေး အေဂျင်စီတွင် တိုင်ကြားမှု တင်သွင်းသည့်နှစ် တစ်ချိန်တည်းတွင် တိုင်ကြားမှုမိတ္တူ တစ်စုံကို ကျောင်းခရိုင် သို့မဟုတ် ကလေးအတွက် ဝန်ဆောင်မှုပေးနေသည့် အခြားပြည်သူ့အေဂျင်စီထံသို့ ပေးပို့ရမည်။

# တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ

## တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ဆောင်ခြင်း

**34 CFR §300.507၊ K.S.A. 72-3415**

**အထွေထွေ**
သင် သို့မဟုတ် ကျောင်းခရိုင်သည် သင့်ကလေးအား ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း သို့မဟုတ် ပညာရေးအရ နေရာထားရှိခြင်းကို စတင်လုပ်ဆောင်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း သို့မဟုတ် သင့်ကလေးအတွက် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင် ကျောင်းပညာရေး (FAPE) သင်ကြားပေးခြင်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှအတွက် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုလုပ်နိုင်မည်။

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် ၎င်းတရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု၏ အခြေခံဖြစ်သည့် စွပ်စွဲခံ ဆောင်ရွက်မှုတစ်ခုကို သင် သို့မဟုတ် ကျောင်းခရိုင်က မသိရှိမီ သို့မဟုတ် သိသင့်သည့်အချိန် မတိုင်မီ နှစ်နှစ်အတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုတစ်ခုကို စွပ်စွဲတိုင်ကြားခြင်းဖြစ်ရမည်။

သင်အောက်ပါအကြောင်းရင်းများကြောင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို မလုပ်ဆောင်နိုင်ခဲ့ပါက အထက်ပါ အချိန်ကန့်သတ်ချက် အကျုံးဝင်မည် မဟုတ်ပါ-

1. ကျောင်းခရိုင်က တိုင်ကြားမှုတွင် ပါဝင်သည့် ပြဿနာများကို ၎င်းတို့ဖြေရှင်းပြီးဖြစ်ကြောင်း သီးသန့်လွဲမှား ဖော်ပြခဲ့သည် **<u>သို့မဟုတ်</u>**
2. သင့်ကျောင်းခရိုင်သည် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ သင့်ထံပေးရန်လိုသည့် အချက်အလက် များကို ထိန်ချန်ခဲ့သည်။

**မိဘများအတွက် အချက်အလက်များ**
ကျောင်းခရိုင်သည် သင်အချက်အလက်များ တောင်းဆိုခဲ့လျှင်**<u>ဖြစ်စေ၊</u>** သင် သို့မဟုတ် ကျောင်းခရိုင်က တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခု လုပ်ဆောင်ခဲ့လျှင်ဖြစ်စေ သင့်ကို အခမဲ့ သို့မဟုတ် စရိတ်သက်သာမည့် တရားရေးရာနှင့် အခြားသက်ဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း အသိပေးရမည်။

## တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု

**34 CFR §300.508၊ K.S.A. 72-3415**

**အထွေထွေ**
ကြားနာမှုတစ်ခု တောင်းဆိုရန်အတွက် သင် သို့မဟုတ် ကျောင်းခရိုင် (သို့မဟုတ် သင့်ရှေ့နေ သို့မဟုတ် ကျောင်းခရိုင်၏ ရှေ့နေ) သည် အခြားသက်ဆိုင်သူထံ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခု တင်သွင်းရမည်။ ထိုတိုင်ကြားမှုသည် အောက်ဖော်ပြပါ အကြောင်းအရာအားလုံး ပါဝင်ပြီး ၎င်းကိုမပေါက်ကြားရန် ထိန်းသိမ်းထားရမည်။

တိုင်ကြားမှု လုပ်ဆောင်သူသည် ပြည်နယ်ပညာရေး အေဂျင်စီသို့ တိုင်ကြားမှု မိတ္တူတစ်စောင်လည်း တင်သွင်းရမည်။

**တိုင်ကြားမှုပါ အကြောင်းအရာများ**
တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင်-

1. ကလေးအမည်၊
2. ကလေးနေထိုင်ရာ နေရာလိပ်စာ၊
3. ကလေး၏ ကျောင်းအမည်၊
4. အိမ်ခြေရာမဲ့ ကလေး သို့မဟုတ် လူငယ် ဖြစ်ပါက ကလေးထံ ဆက်သွယ်ရန် အချက်အလက်များနှင့် ထိုကလေး တက်နေသည့် ကျောင်းအမည်၊
5. အဆိုပြုထားသည့် သို့မဟုတ် ငြင်းပယ်ထားသည့် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ကလေးကြုံတွေ့နေရသည့် ပြဿနာဆိုင်ရာ မှန်ကန်သည့် အချက်အလက်များ အပါအဝင် ထိုပြဿနာ သဘောသဘာဝကို ဖော်ပြချက်**နှင့်**
6. တိုင်ကြားသူ (သင် သို့မဟုတ် ကျောင်းခရိုင်) က ထိုအချိန်တွင် သိထားသည့် သိထားသည့် အတိုင်းအတာအထိ အသုံးပြုနိုင်မည့် နည်းလမ်းဖြင့် ဖြေရှင်းရန် အဆိုပြုချက်။

**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခုကို မကြားနာမီ လိုအပ်သည့် အသိပေးချက်**
သင် သို့မဟုတ် ကျောင်းခရိုင် (သို့မဟုတ် သင့်ရှေ့နေ သို့မဟုတ် ကျောင်းခရိုင်၏ ရှေ့နေ) သည် အထက်ဖော်ပြပါ အချက် အလက်များ ပါဝင်သည့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို မတင်သွင်းမီ သင် သို့မဟုတ် ကျောင်းခရိုင်သည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုကို မရနိုင်ပါ။

**တိုင်ကြားမှု၏ လုံလောက်မှု**
တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခုကို ရှေ့ဆက်ဆောင်ရွက်ရန် ၎င်းတိုင်ကြားမှု ပြည့်စုံလုံလောက်မှု ရှိသည်ဟု မှတ်ယူနိုင်ရမည်။ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို ထိုတိုင်ကြားမှုအား လက်ခံရရှိသူ (သင် သို့မဟုတ် ကျောင်းခရိုင်) က ကြားနာရေးအရာရှိနှင့် တစ်ဖက်သက်ဆိုင်သူကို တိုင်ကြားမှု လက်ခံရရှိပြီး ပြက္ခဒိန်ရက် 15 ရက်အတွင်း ထိုသို့လက်ခံရရှိသူက ၎င်းတရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုမှာ အထက်ဖော်ပြပါ လိုအပ် ချက်များနှင့် မကိုက်ညီဟု ယုံကြည်ကြောင်း အသိပေးခြင်း မရှိသရွေ့ ပြည့်စုံလုံလောက်သည် (အထက်ဖော်ပြပါ အကြောင်း အရာ လိုအပ်ချက်များနှင့် ကိုက်ညီသည်) ဟု မှတ်ယူရမည်။

ကြားနာရေးအရာရှိသည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို လက်ခံရရှိသူ (သင် သို့မဟုတ် ကျောင်းခရိုင်) က ပြည့်စုံလုံလောက်ခြင်းမရှိဟု အသိပေးချက်ကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် ငါးရက်အတွင်း ထိုတရားမျှတသည့် ရပိုင်ခွင့် နှင့်အညီ တိုင်ကြားမှုမှာ အထက်ဖော်ပြပါ လိုအပ်ချက်များနှင့် ကိုက်ညီခြင်းရှိမရှိ ဆုံးဖြတ်ချက်ချပြီး သင်နှင့် ကျောင်းခရိုင်ကို ချက်ချင်း စာဖြင့်ရေးသား အသိပေးရမည်။

**တိုင်ကြားမှုအား ပြင်ဆင်ခြင်း**
သင် သို့မဟုတ် ကျောင်းခရိုင်သည် အောက်ပါအခြေအနေများတွင်သာ တိုင်ကြားမှုကို အပြောင်းအလဲလုပ်နိုင်မည်-

1. အခြားသက်ဆိုင်သူသည် ပြောင်းလဲမှုများကို စာဖြင့်ရေးသား အတည်ပြုပြီး ***ဖြေရှင်းရေး လုပ်ငန်းစဉ်*** ခေါင်းစဉ် အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖြေရှင်းရေး အစည်းအဝေးဖြင့် ဖြေရှင်းရန် အခွင့်အရေးပေးခဲ့လျှင် **သို့မဟုတ်**
2. တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု မစတင်မီ ငါးရက်ထက် နောက်မကျဘဲ ကြားနာရေး အရာရှိက အပြောင်းအလဲလုပ်ရန် ခွင့်ပြုချက်ပေးခဲ့လျှင်။

တိုင်ကြားသူ (သင် သို့မဟုတ် ကျောင်းခရိုင်) က တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုအပေါ် အပြောင်းအလဲများ လုပ်ခဲ့ပါက ဖြေရှင်းရေး အစည်းအဝေးအတွက် အချိန်ကန့်သတ်ချက်များ (တိုင်ကြားမှု လက်ခံရရှိပြီး ပြက္ခဒိန်ရက် 15 ရက်အတွင်း) နှင့် ဖြေရှင်းရန် အချိန်သတ်မှတ်ချက် (တိုင်ကြားမှုကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် ရက် 30 အတွင်း) တို့သည် ထိုပြင်ဆင်ထားသည့် တိုင်ကြားမှုကို တင်သွင်းချိန်မှ ပြန်လည်စတင်မည် ဖြစ်ပါသည်။

**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုအပေါ် ဒေသခံ ပညာရေး အေဂျင်စီ (LEA) သို့မဟုတ် ကျောင်းခရိုင်၏ တုံ့ပြန်မှု**
ကျောင်းခရိုင်က ***စာဖြင့်ရေးသား ကြိုတင်အသိပေးစာ*** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း သင့်တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသား ကြိုတင်အသိပေးစာ တစ်စောင် သင့်ထံပေးပို့ခဲ့ခြင်း မရှိပါက သင့်ကျောင်းဌာနသည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို လက်ခံ ရရှိပြီး ပြက္ခဒိန်ရက် 10 ရက်အတွင်း အောက်ပါတို့ပါဝင်သည့် တုံ့ပြန်ချက်တစ်ခု သင့်ထံပေးပို့ရမည်-

1. ကျောင်းခရိုင်က တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် ဖော်ပြထားသည့် ဆောင်ရွက်မှုအား အဆိုပြုရခြင်း သို့မဟုတ် ငြင်းဆိုရခြင်း အကြောင်းရင်းကို ရှင်းပြချက်တစ်ရပ်၊
2. သင့်ကလေး၏ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အဖွဲ့က ထည့်သွင်းစဉ်းစားခဲ့သည့် အခြားရွေးချယ်စရာ မှန်သမျှနှင့် ၎င်းရွေးချယ်စရာများကို အဘယ်ကြောင့် ငြင်းပယ်ရသနည်း အကြောင်းရင်းများကို ဖော်ပြချက်တစ်ရပ်၊
3. ကျောင်းခရိုင်က အဆိုပြုသည့် သို့မဟုတ် ငြင်းဆိုခဲ့သည့် ဆောင်ရွက်မှု၏ အခြေခံအဖြစ် အသုံးပြုခဲ့သော အကဲဖြတ်မှု လုပ်ထုံးလုပ်နည်း၊ ဆန်းစစ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီအား ရှင်းလင်းဖော်ပြချက် တစ်ရပ်**နှင့်**
4. ကျောင်းခရိုင်က အဆိုပြုသည့် သို့မဟုတ် ငြင်းဆိုခဲ့သည့် ဆောင်ရွက်မှုနှင့် သက်ဆိုင်သော အခြားအကြောင်း အရာများကို ရှင်းလင်းဖော်ပြချက်တစ်ရပ်။

အထက်ပါ 1 မှ 4 အထိတွင် ပါဝင်သည့် အချက်အလက်များ ပေးခြင်းကြောင့် ကျောင်းခရိုင်က သင့်တရားမျှတသော ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုသည် ပြည့်စုံလုံလောက်မှုမရှိဟု အခိုင်အမာ ဖော်ပြမှုကို တားဆီးနိုင်မည် မဟုတ်ပါ။

**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုအပေါ် အခြားသက်ဆိုင်သူ၏ တုံ့ပြန်မှု**
အထက်ကပ်လျက်မှ ***တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုအပေါ် ဒေသခံ ပညာရေး အေဂျင်စီ (LEA) သို့မဟုတ် ကျောင်းခရိုင်၏ တုံ့ပြန်မှု*** ခေါင်းစဉ်ခွဲတွင် ဖော်ပြထားသည်မှလွဲပြီး တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို လက်ခံရရှိသူသည် အခြားသက်ဆိုင်သူထံ ထိုတိုင်ကြားမှုပါ ပြဿနာများကိုသီးသန့် တိုက်ရိုက်ဖြေရှင်းသည့် တုံ့ပြန်မှုတစ်ခု ပေးပို့ရမည်။

## စံပြဖောင်ပုံစံများ

34 CFR §300.509

ပြည်နယ်ပညာရေး အေဂျင်စီသည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုများ သင်လုပ်ဆောင်ရာတွင်၊ သင် သို့မဟုတ် အခြားပုဂ္ဂိုလ်များ ပြည်နယ်သို့ တိုင်ကြားမှုများ လုပ်ဆောင်ရာတွင် အကူအညီပေးနိုင်မည့် စံပြဖောင်ပုံစံများကို ဖန်တီးရမည်။ သို့သော်လည်း သင့်ပြည်နယ် သို့မဟုတ် ကျောင်းခရိုင်သည် ထိုစံပြဖောင်ပုံစံများကို မဖြစ်မနေသုံးရမည်ဟု စည်းကမ်းသတ်မှတ်ထားခြင်း မရှိနိုင်ပါ။ လက်တွေ့တွင် သင်သည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု သို့မဟုတ် ပြည်နယ်သို့ တိုင်ကြားမှုတစ်ခု လုပ်ဆောင်ရန် လိုအပ်သည့် အချက်အလက်များ အစုံအလင် ပါရှိသရွေ့ ဤစံပြဖောင်ပုံစံများ ကိုဖြစ်စေ၊ အခြားသင့်လျော်သည့်ဖောင်ပုံစံကိုဖြစ်စေ အသုံးပြုနိုင်ပါသည်။

## ကြားဝင်ဖြန်ဖြေခြင်း

34 CFR §300.506၊ K.S.A. 72-3438၊ K.A.R. 91-40-28(b)

**အထွေထွေ**

ကျောင်းခရိုင်သည် သင်နှင့် ကျောင်းခရိုင်တို့ကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု မလုပ်ဆောင်မီ ဖြစ်ပွားခဲ့သည့် ပြဿနာများ အပါအဝင် မည်သည့်ကိစ္စနှင့်မဆို သက်ဆိုင်သည့် အငြင်းပွားမှုများကို IDEA ၏ အပိုင်း B နှင့် ပြည်နယ်ဥပဒေ တို့အရ ကြားဝင်ဖြန်ဖြေမှုသုံး ဖြေရှင်းနိုင်စေရန် လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ရမည်။ ထို့ကြောင့် ***တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ဆောင်ခြင်း*** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း တရားမျှတသည့် ရပိုင်ခွင့် နှင့်အညီ ကြားနာမှုတစ်ခုကို တောင်းဆိုရန် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခု သင်လုပ်ဆောင်ထားသည် ဖြစ်စေ၊ လုပ်ဆောင်မထားသည်ဖြစ်စေ အငြင်းပွားမှုများကို IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ ဖြေရှင်းရန် ကြားဝင်ဖြန်ဖြေမှု အသင့်ရှိပါသည်။

**လိုအပ်ချက်များ**

ဤလုပ်ထုံးလုပ်နည်းအရ ကြားဝင်ဖြန်ဖြေမှုသည် အောက်ပါတို့နှင့် ကိုက်ညီရမည်-

1. သင်နှင့် ကျောင်းခရိုင်တို့၏ ဆန္ဒအလျောက် ရွေးချယ်ဆောင်ရွက်ခြင်း ဖြစ်ရမည်၊
2. သင်၏ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာခွင့် ရယူပိုင်ခွင့်ကို ပယ်ချရန် သို့မဟုတ် နှောင့်နှေးစေရန် သို့မဟုတ် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ ရှိထားသည့် အခြားအခွင့်အရေးများကို ပယ်ချရန် အသုံးပြုခြင်း မဖြစ်စေရ၊ **ပြီးလျှင်**
3. ထိရောက်သည့် ကြားဝင်ဖြန်ဖြေမှု နည်းစနစ်များဖြင့် လေ့ကျင့်ပေးထားသည့် အရည်အချင်းပြည့်မီပြီး ဘက်မလိုက်သော ကြားဝင်ဖြန်ဖြေသူတစ်ဦးမှ လုပ်ဆောင်ခြင်း ဖြစ်ရမည်။

ကျောင်းခရိုင်သည် ကြားဝင်ဖြန်ဖြေမှုကို အသုံးမပြုသည့် မိဘများနှင့် ကျောင်းများအတွက် အောက်ပါ တိုက်ရိုက် မသက်ဆိုင်သူများနှင့် သင်တို့အဆင်ပြေသည့် အချိန်နှင့် နေရာတွင် တွေ့ဆုံနိုင်ရန် အခွင့်အရေးပေးမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ရမည်-

1. ပြည်နယ်တွင်းမှ သင့်လျော်သည့် အခြား အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အစည်း သို့မဟုတ် မိဘများ လေ့ကျင့်ရေးနှင့် သတင်းပေးစင်တာ သို့မဟုတ် မိဘများအတွက် ရပ်ရွာလူထု ရင်းမြစ်စင်တာတို့နှင့် စာချုပ်ချုပ်ဆိုထားသူ**နှင့်**
2. သင့်အား ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်၏ အကျိုးကျေးဇူးများအကြောင်း ရှင်းပြပြီး ထိုဖြန်ဖြေမှုကို အသုံးပြုရန် အားပေးမည့်သူ။

ပြည်နယ်သည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဆိုင်ရာ ဥပဒေနှင့် ပြဋ္ဌာန်းချက်များအကြောင်း နားလည်ပြီး အရည်အချင်းပြည့်မီသည့် ကြားဝင်ဖြန်ဖြေသူများကို စာရင်းပြုစုထားရမည်။ ပြည်နယ်ပညာရေး အေဂျင်စီသည် ကြားဝင်ဖြန်ဖြေသူများကို ကျပန်းဖြစ်စေ၊ ကျိုးကြောင်းဆီလျော်သလိုဖြစ်စေ၊ အခြားဘက်မလိုက်သည့် နည်းလမ်းဖြင့်ဖြစ်စေ ရွေးချယ်ရမည်။

အစည်းအဝေးများအတွက် ကုန်ကျစရိတ်များ အပါအဝင် ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်များကို ပြည်နယ်က တာဝန်ယူရပါမည်။

ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်အတွက် အစည်းအဝေးတိုင်းကို အချိန်မီ စီစဉ်ပြီး သင်နှင့် ကျောင်းခရိုင်တို့အတွက် အဆင်ပြေသည့် နေရာတစ်ခုတွင် ကျင်းပပေးရမည်။

သင်နှင့် ကျောင်းခရိုင်တို့က အငြင်းပွားမှုတစ်ခုကို ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းပါက သင်တို့နှစ်ဦး နှစ်ဖက် စလုံးသည် ဖြေရှင်းချက်ထုတ်မည့် တရားဝင် သဘောတူညီချက်တစ်ခု ချုပ်ဆိုရမည်ဖြစ်ပြီး ထိုသဘောတူညီချက်တွင်-

1. ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်အတွင်း ဆွေးနွေးမှုမှန်သမျှကို မပေါက်ကြားရန် ထိန်းသိမ်းပေးပြီး ထိုဆွေးနွေးမှုများကို ဆက်လက်၍ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု သို့မဟုတ် တရားမမှု စွဲဆိုမှုများ (တရားရုံးအမှုများ) တွင် သက်သေအထောက်အထားဖြင့် အသုံးပြုနိုင်မည် မဟုတ်ကြောင်း ဖော်ပြ**ပြီးလျှင်**
2. သင်နှင့် ကျောင်းခရိုင်အား တရားဝင်စာချုပ်များတွင် ထည့်သွင်းချုပ်ဆိုရန် အခွင့်အာဏာရှိသည့် ထိုကျောင်းခရိုင် ကိုယ်စားလှယ်တစ်ဦး နှစ်ဦးနှစ်ဖက်စလုံးမှ လက်မှတ်ထိုးရမည်။

စာဖြင့်ရေးသားပြီး လက်မှတ်ထိုးထားသည့် ကြားဝင်ဖြန်ဖြေရေး သဘောတူညီချက်ကို စီရင်ခွင့်အာဏာရှိ ပြည်နယ်တရားရုံး (ဤအမှုအမျိုးအစားကို ကြားနာရန် ပြည်နယ်ဥပဒေအရ အခွင့်အာဏာရှိသည့် တရားရုံး) သို့မဟုတ် အမေရိကန် ပြည်ထောင်စု ခရိုင်တရားရုံးတစ်ခုတွင် အရေးယူဆောင်ရွက်နိုင်သည်။

ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်အတွင်း ဆွေးနွေးမှုများ အားလုံးကို မပေါက်ကြားဘဲ ထိန်းသိမ်းရမည်။ ၎င်းတို့ကို ဆက်လက်၍ ဖက်ဒရယ် တရားရုံး သို့မဟုတ် ပြည်နယ်တရားရုံးတစ်ခုတွင် IDEA ၏ အပိုင်း B အရ အထောက်အပံ့ယူ၍ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု သို့မဟုတ် တရားမမှု စွဲဆိုမှုများ (တရားရုံးအမှုများ) တွင် သက်သေအထောက်အထားဖြင့် အသုံးပြုနိုင်မည် မဟုတ်ပါ။

**ကြားဝင်ဖြန်ဖြေသူမှ ဘက်မလိုက်မှု**
ကြားဝင်ဖြန်ဖြေသူသည်-

1. သင့်ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်ပတ်သက်နေသည့် ကျောင်းခရိုင် သို့မဟုတ် ပြည်နယ်ပညာရေး အေဂျင်စီမှ ဝန်ထမ်းတစ်ဦး မဖြစ်စေရပါ**<u>ပြီးလျှင်</u>**
2. ကြားဝင်ဖြန်ဖြေသူ၏ ယထာဘူတကျမှုနှင့် ပြိုင်ဆိုင်နိုင်မည့် ပုဂ္ဂိုလ်ရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ အကျိုးစီးပွား မရှိစေရပါ။

ကြားဝင်ဖြန်ဖြေသူအဖြစ် အရည်အချင်းပြည့်မီသူတစ်ဦးအား ကျောင်းခရိုင် သို့မဟုတ် ပြည်နယ်အေဂျင်စီက ကြားဝင် ဖြန်ဖြေသူအဖြစ် လုပ်အားခံပေးငှားရမ်းရုံဖြင့် ထိုသူသည် ၎င်းကျောင်းခရိုင် သို့မဟုတ် အေဂျင်စီ ဝန်ထမ်းဖြစ်မည် မဟုတ်ပါ။

## ဖြေရှင်းရေး လုပ်ငန်းစဉ်

**34 CFR §300.510၊ K.S.A. 72-3416(a)၊ K.A.R. 91-40-28(f)၊ (g)**

**ဖြေရှင်းရေး အစည်းအဝေး**
သင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို လက်ခံရရှိပြီးနောက် 15 ရက်အတွင်း တရားမျှတသည့် ရပိုင်ခွင့် နှင့်အညီ ကြားနာမှု မစတင်မီ ကျောင်းခရိုင်သည် သင်နှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ သင်တိုင်ကြားမှုတွင် ပါဝင်သည့် အချက်အလက်များအကြောင်း သေချာနားလည်သည့် သက်ဆိုင်ရာ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အဖွဲ့ဝင် သို့မဟုတ် အဖွဲ့ဝင်များ တွေ့ဆုံနိုင်ရန် အစည်းအဝေးတစ်ခု စီစဉ်ပေးရမည်။ ထိုအစည်းအဝေးတွင်-

1. ကျောင်းခရိုင်ကိုယ်စား ဆုံးဖြတ်ချက်ချရန် အခွင့်အာဏာရှိသည့် ကျောင်းခရိုင် ကိုယ်စားလှယ်တစ်ဦး **<u>ပါဝင်ပြီး</u>**
2. သင်နှင့်အတူ ရှေ့နေမပါသရွေ့ ကျောင်းခရိုင်ရှေ့နေ မပါဝင်ရပါ။

သင်နှင့် ကျောင်းခရိုင်သည် ထိုအစည်းအဝေး တက်ရောက်မည့် သက်ဆိုင်ရာ IEP အဖွဲ့ဝင်များကို ဆုံးဖြတ်ပေးရမည်။

အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကျောင်းခရိုင်အနေဖြင့် အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် အခွင့်အရေးရစေရန် သင့်တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုနှင့် ထိုတိုင်ကြားမှု၏ အခြေခံ အချက်အလက်အမှန်များအကြောင်း ဆွေးနွေးရန်ဖြစ်သည်။

အောက်ပါအခြေအနေများတွင် ဖြေရှင်းရေး အစည်းအဝေးကို မလိုအပ်ပါ။

1. သင်နှင့် ကျောင်းခရိုင်တို့သည် အစည်းအဝေးကို ပလပ်ရန် စာဖြင့်ရေးသား သဘောတူလျှင် **<u>သို့မဟုတ်</u>**
2. သင်နှင့် ကျောင်းခရိုင်သည် ***ကြားဝင်ဖြန်ဖြေခြင်း***ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်ကို အသုံးပြုရန် သဘောတူလျှင်။

**ဖြေရှင်းသည့်ကာလ**
ကျောင်းခရိုင်သည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုအား လက်ခံရရှိပြီး ပြက္ခဒိန်ရက် ရက် 30 အတွင်း (ဖြေရှင်းရေး လုပ်ငန်းစဉ် ကာလအတွင်း) ထိုတရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို သင်စိတ်ကျေနပ်သည်အထိ ဖြေရှင်းပေးခဲ့ခြင်း မရှိပါက တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု ဖြစ်နိုင်ပါသည်။

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု၏ အဆုံးသတ် ဆုံးဖြတ်ချက်ထုတ်ရန် ပြက္ခဒိန်ရက် 45 ရက် အချိန် ကန့်သတ်ချက်သည် ***ကြားနာမှု၏ ဆုံးဖြတ်ချက်များ***ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖြေရှင်းရေးကာလ ပြက္ခဒိန်ရက် 30 ကုန်ဆုံးချိန်တွင် စတင်မည်ဖြစ်ပြီး အောက်ပါအတိုင်း ထိုဖြေရှင်းရေးကာလ ပြက္ခဒိန်ရက် 30 အပေါ် ချိန်ညှိပြင်ဆင်မှုလုပ်ရန် ချွင်းချက်အချို့ရှိပါသည်။

သင်နှင့် ကျောင်းခရိုင် နှစ်ဖက်စလုံးက ဖြေရှင်းရေး လုပ်ငန်းစဉ်ကို ပလပ်ရန် သို့မဟုတ် အသုံးပြုရန် သဘောတူသည်မှလွဲပြီး ဖြေရှင်းရေး အစည်းအဝေးတွင် သင်ပါဝင်ရန် ပျက်ကွက်ခြင်းကြောင့် ဖြေရှင်းရေး လုပ်ငန်းစဉ်အတွက် အချိန်ကန့်သတ်ချက် များနှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများကို ထိုအစည်းအဝေး ကျင်းပပြီးသည်အထိ နှောင့်နှေးစေနိုင်ပါသည်။

ကျောင်းခရိုင်သည် ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများ လုပ်ဆောင်ပြီး၊ ထိုအားထုတ်မှုများကို မှတ်တမ်း တင်ပြီးနောက် ထိုဖြေရှင်းရေး အစည်းအဝေးတွင် သင်ပါဝင်စေရန် မစွမ်းဆောင်နိုင်ခဲ့ပါက အဆိုပါ ဖြေရှင်းရေးကာလ ပြက္ခဒိန်ရက် 30 အဆုံးတွင် ကြားနာရေး အရာရှိအား သင့်တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို ပယ်ချရန် တောင်းဆိုနိုင်သည်။ အဆိုပါ အားထုတ်မှုများကို မှတ်တမ်းတင်ရာတွင် အပြန်အလှန် သဘောတူ ထားသည့် အချိန်နှင့် နေရာတို့ကို စီစဉ်ရွေးချယ်ရန် အောက်ပါတို့ကဲ့သို့သော ကျောင်းခရိုင်၏ အားထုတ်မှု မှတ်တမ်းတို့ ပါဝင်ရမည်-

1. ဖုန်းခေါ်ရန်ကြိုးပမ်းမှု သို့မဟုတ် ဖုန်းခေါ်ဆိုမှုများနှင့် ထိုခေါ်ဆိုမှုရလဒ်များ၏ အသေးစိတ်မှတ်တမ်းများ၊
2. သင့်ထံဆက်သွယ်မှုများနှင့် လက်ခံရရှိခဲ့သည့် ပြန်ကြားမှု မိတ္တူများနှင့်
3. သင့်အိမ် သို့မဟုတ် အလုပ်သို့ ကိုယ်တိုင်လာရောက်မှုများနှင့် ထိုသို့လာရောက်မှုရလဒ်များ၏ အသေးစိတ် မှတ်တမ်းများ။

ကျောင်းခရိုင်က သင့်တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားကြောင်း အသိပေးစာကို လက်ခံရရှိပြီးနောက် ပြက္ခဒိန်ရက် 15 ရက်အတွင်း ဖြေရှင်းရေး အစည်းအဝေးကို ကျင်းပရန် ပျက်ကွက်ခဲ့လျှင်**ဖြစ်စေ** ဖြေရှင်းရေး အစည်းအဝေးတွင် ပါဝင်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သင်သည် ကြားနာရေး အရာရှိအား ပြက္ခဒိန်ရက် 45 ကြာ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု အချိန်ကန့်သတ်ချက်ကို စတင်ရန် တောင်းဆိုနိုင်သည်။

**ပြက္ခဒိန်ရက် 30 ကြာ ဖြေရှင်းရေးကာလကို ချိန်ညှိမှုများ**

သင်နှင့် ကျောင်းခရိုင်တို့က ဖြေရှင်းရေး အစည်းအဝေးကို ပလပ်ရန် စာဖြင့်ရေးသား သဘောတူပါက နောက်ရက်တွင် ထိုပြက္ခဒိန်ရက် 45 ရက်ကြာ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု အချိန်ကန့်သတ်ချက်သည် စတင်မည်ဖြစ်သည်။

ကြားဝင်ဖြန်ဖြေခြင်း သို့မဟုတ် ဖြေရှင်းရေး အစည်းအဝေး စတင်ပြီးနောက် ပြက္ခဒိန် ရက် 30 ကြာ ဖြေရှင်းရေးကာလ အဆုံးမသတ်မီ သင်နှင့် ကျောင်းခရိုင်တို့က သဘောတူညီမှု မရနိုင်ကြောင်း စာဖြင့်ရေးသား သဘောတူပါက နောက်ရက်တွင် ထိုပြက္ခဒိန်ရက် 45 ရက်ကြာ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု အချိန်ကန့်သတ်ချက်သည် စတင်မည်ဖြစ်သည်။

သင်နှင့် ကျောင်းခရိုင်တို့သည် ကြားဝင်ဖြန်ဖြေမှုကို အသုံးပြုရန် သဘောတူသော်လည်း သဘောတူညီချက် မရသေးပါက ပြက္ခဒိန်ရက် 30 ကြာ ဖြေရှင်းရေးကာလ ကုန်ဆုံးချိန်တွင် နှစ်ဦးနှစ်ဖက်စလုံးက ဆက်လက်ဆောင်ရွက်ရန် စာဖြင့်ရေးသား သဘောတူပါက ကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့သော်လည်း ထိုသို့ဆက်လက် ဆောင်ရွက်သည့် ကာလအတွင်း သင် သို့မဟုတ် ကျောင်းခရိုင် တစ်ဦးတစ်ဖက်က ဤကြားဝင်ဖြန်ဖြေမှု လုပ်ငန်းစဉ်မှ နှုတ်ထွက်ပါက နောက်တစ်ရက်တွင် ပြက္ခဒိန်ရက် 45 ရက်ကြာ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု အချိန် ကန့်သတ်ချက် စတင်မည်ဖြစ်သည်။

**ကြေအေးရန် စာဖြင့်ရေးသား သဘောတူညီချက်**

ဖြေရှင်းရေး အစည်းအဝေးတွင် အငြင်းပွားမှုကို ဖြေရှင်းနိုင်ခဲ့ပါက သင်နှင့် ကျောင်းခရိုင်သည် အောက်ဖော်ပြပါ တရားဝင် သဘောတူညီချက်တစ်ခု ချုပ်ဆိုရမည်-

1. သင်နှင့် ကျောင်းခရိုင်အတွက် ဆုံးဖြတ်ချက်ချရန် အခွင့်အာဏာရှိသည့် ကျောင်းခရိုင်ကိုယ်စားလှယ်တို့မှ လက်မှတ် ရေးထိုးထားမည်**ဖြစ်ပြီး**
2. သင့်ပြည်နယ်တွင် သက်ဆိုင်သူများအား ဖြေရှင်းရေး သဘောတူညီချက်အား ကျင့်သုံးနိုင်မည့် အခြားလုပ်ငန်း ယန္တရား သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ရှိပါက စီရင်ခွင့်အာဏာရှိ ပြည်နယ်တရားရုံး (ဤအမှုအမျိုးအစားကို ကြားနာရန် အခွင့်အာဏာရှိသည့် ပြည်နယ်တရားရုံး) သို့မဟုတ် အမေရိကန် ပြည်ထောင်စု ခရိုင်တရားရုံး သို့မဟုတ် ပြည်နယ်ပညာရေး အေဂျင်စီတွင် အရေးယူဆောင်ရွက်နိုင်ရမည်။

**သဘောတူညီချက်အား ပြန်လည်သုံးသပ်မှုကာလ**

ဖြေရှင်းရေး အစည်းအဝေးတစ်ခု၏ ရလဒ်အနေဖြင့် သင်နှင့် ကျောင်းခရိုင်တို့ကြား သဘောတူညီချက်တစ်ခု ရရှိခဲ့ပါက စာချုပ်ဝင် မည်သူမဆို (သင် သို့မဟုတ် ကျောင်းခရိုင်) ထိုသဘောတူညီချက်တွင် သင်နှင့် ကျောင်းခရိုင်တို့ လက်မှတ် ရေးထိုးသည့်ရက်မှ အလုပ်ဖွင့်ရက် 3 ရက်အတွင်း ပလပ်နိုင်သည်။

# တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုများအတွက် ကြားနာမှုများ

## တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု

34 CFR §300.511၊ K.S.A. 72-3415၊ K.S.A. 72-3416၊ K.A.R. 91-40-29(b)

**အထွေထွေ**

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခု လုပ်ဆောင်တိုင်း ထိုအငြင်းပွားမှုတွင် ပါဝင်သည့် သင် သို့မဟုတ် ကျောင်းခရိုင်တွင် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှုတစ်ခုကို *တရားမျှတသည့် ရပိုင်ခွင့်နှင့် အညီ တိုင်ကြားမှု*နှင့် *ဖြေရှင်းရေး လုပ်ငန်းစဉ်*အခန်းများတွင် ဖော်ပြထားသည့်အတိုင်း ရယူရန် အခွင့်အလမ်းရှိရမည်။

**ဘက်မလိုက်သည့် ကြားနာရေး အရာရှိ**

ကြားနာရေး အရာရှိသည် အနည်းဆုံး အောက်ပါတို့နှင့် ကိုက်ညီရမည်-

1. သင့်ကလေး၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်ပတ်သက်နေသည့် ကျောင်းခရိုင် သို့မဟုတ် ပြည်နယ်ပညာရေး အေဂျင်စီမှ ဝန်ထမ်းတစ်ဦး မဖြစ်စေရ။ လူပုဂ္ဂိုလ်တစ်ဦးအား ကြားနာရေး အရာရှိဖြင့် အေဂျင်စီမှ ငွေးရမ်းခေါ်ယူရုံဖြင့် ထိုသူသည် အေဂျင်စီဝန်ထမ်းဖြစ်မည် မဟုတ်ပါ၊
2. ကြားဝင်ဖြန်ဖြေသူ၏ ယထာဘူတကျမှုနှင့် ငြိစွန်းနိုင်မည့် ပုဂ္ဂိုလ်ရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ အကျိုးစီးပွား မရှိစေရ၊
3. IDEA ပါ ပြဋ္ဌာန်းချက်များ၊ IDEA နှင့် သက်ဆိုင်သည့် ဖက်ဒရယ်နှင့် ပြည်နယ် နည်းဥပဒေများနှင့် ဖက်ဒရယ်နှင့် ပြည်နယ်တရားရုံးများက IDEA ကို ဥပဒေအရ ကောက်ယူပြန်ဆိုမှုများအတွက် အသိပညာစုံလင်၍ နားလည်ရမည်၊ **<u>ပြီးလျှင်</u>**
4. ကြားနာမှုများ လုပ်ဆောင်ရန်နှင့် သင့်လျော်သည့် တရားရေးရာ စံပြုအလေ့အကျင့်များနှင့် ညီညွတ်သည့် ဆုံးဖြတ်ချက်များ စာဖြင့်ရေးသား ချမှတ်ရန် အသိပညာနှင့် စွမ်းရည် ရှိရမည်။
5. *တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာရေး အရာရှိ သို့မဟုတ် ပြန်လည်သုံးသပ်ရေး ပြည်နယ်အရာရှိအဖြစ် ဦးစွာအရည်အချင်းပြည့်မီရန်အတွက် လိုင်စင်ရရှေ့နေဖြစ်ရန်နှင့် လိုင်စင်ဖြင့် ဥပဒေလုပ်ငန်းများ ဆောင်ရွက်ရာ ပြည်နယ်အတွင်း နာမည်ပျက်မရှိရန် လိုအပ်သည်။ K.A.R. 91-40-29(b)

ကျောင်းခရိုင်တစ်ခုစီတွင် ကြားနာရေး အရာရှိတစ်ဦးစီ၏ အရည်အချင်းပြည့်မီမှုများကို ဖော်ပြချက်တို့ အပါအဝင် ကြားနာရေး အရာရှိဖြင့် ဆောင်ရွက်သူများ စာရင်းကို စုဆောင်းပြုစုထားရမည်။

**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု အကြောင်းအရာ**

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုကို တောင်းဆိုခဲ့သူ (သင် သို့မဟုတ် ကျောင်းခရိုင်) သည် အခြားတစ်ဖက်မှ သဘောတူထားခြင်း မရှိသရွေ့ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာရာတွင် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် မပါသည့် ပြဿနာများအကြောင်း ပြောဆိုမှုမရှိရ။

**ကြားနာမှုတစ်ခု တောင်းဆိုရာတွင် အချိန်ကန့်သတ်ချက်**

သင် သို့မဟုတ် ကျောင်းခရိုင်သည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် ပါဝင်သည့် ပြဿနာကို သင် သို့မဟုတ် ကျောင်းခရိုင်က မသိရှိမီ သို့မဟုတ် သိသင့်သည့်အချိန် မတိုင်မီ နှစ်နှစ်အတွင်း ၎င်းတိုင်ကြားမှုအတွက် ဘက်မလိုက်သည့် ကြားနာမှုတစ်ခုကို တောင်းဆိုခြင်းဖြစ်ရမည်။

**အချိန်ကန့်သတ်ချက်အတွက် ချွင်းချက်များ**

သင်အောက်ပါအကြောင်းရင်းများကြောင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို မလုပ်ဆောင်နိုင်ခဲ့ပါက အထက်ပါ အချိန်ကန့်သတ်ချက် အကျုံးဝင်မည် မဟုတ်ပါ-

1. ကျောင်းခရိုင်က တိုင်ကြားမှုတွင် ပါဝင်သည့် ပြဿနာများ သို့မဟုတ် အခက်အခဲများကို ၎င်းတို့ဖြေရှင်းပြီး ဖြစ်ကြောင်း သီးသန့်လွဲမှားဖော်ပြခဲ့သည် **<u>သို့မဟုတ်</u>**
2. သင့်ကျောင်းခရိုင်သည် IDEA ၏ အပိုင်း B သို့မဟုတ် ပြည်နယ်ဥပဒေအရ သင့်ထံပေးရန်လိုသည့် အချက် အလက်များကို ထိန်ချန်ခဲ့သည်။

## ကြားနာမှုဆိုင်ရာ ရပိုင်ခွင့်များ

34 CFR §300.512၊ K.S.A. 72-3416(b)

**အထွေထွေ**

သင်သည် ***ဆုံးဖြတ်ချက်များအား အယူခံခြင်း၊ ဘက်မလိုက်သည့် ပြန်လည်သုံးသပ်မှု*** ခေါင်းစဉ်ခွဲအရ ဖော်ပြထားသည့် အတိုင်း တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု လုပ်ငန်းစဉ်တစ်ခု (စည်းကြပ်အပြစ်ပေးမှု လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ ကြားနာမှု အပါအဝင်) သို့မဟုတ် နောက်ထပ်အချက်အလက်များ ရယူရန် ကြားနာမှုတစ်ခု ပါဝင်သည့် အယူခံ တစ်ခုတွင် သင့်ကိုယ်သင် ကိုယ်စားပြုခွင့်ရှိသည်။ ထို့ပြင် ကြားနာမှုနှင့် သက်ဆိုင်သူများတွင် အောက်ပါအခွင့်အရေးများ ရှိသည်။

1. ရှေ့နေတစ်ဦး နှင့်/သို့မဟုတ် မသန်စွမ်းသည့် ကလေးသူငယ်များ၏ ပြဿနာများနှင့် ပတ်သက်ပြီး အထူးပညာရေး သို့မဟုတ် လေ့ကျင့်ရေး ရှိထားသူတစ်ဦးက အတူလိုက်ပါခြင်းနှင့် အကြံပေးခြင်းများကို ရယူခွင့်၊
2. ကြားနာရာတွင် ရှေ့နေတစ်ဦး၏ ကိုယ်စားပြုမှု ရယူခွင့်၊
3. သက်သေအထောက်အထား ရယူရန်နှင့် မျက်မြင်သက်သေများကို ထိပ်တိုက်မေးမြန်းရန်၊ ပြန်လှန်စစ်မေးရန်နှင့် တက်ရောက်စေရန် အခွင့်အရေး၊
4. ကြားနာမှုမတိုင်ခင် အနည်းဆုံး အလုပ်ဖွင့်ရက် ငါးရက်ကြိုတင်ပြီး အခြားသက်ဆိုင်သူအား ထုတ်ဖော်အသိပေး ထားခြင်း မရှိသည့် သက်သေအထောက်အထားကို မိတ်ဆက်ပေးမှုအား တားမြစ်ခွင့်၊
5. သင့်ရွေးချယ်မှုဖြင့် စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ ကြားနာမှု၏ အတိအကျ မှတ်တမ်း တစ်ခု ရယူခွင့်**နှင့်**
6. သင့်ရွေးချယ်မှုဖြင့် စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ အချက်အလက်များ ရှာဖွေခြင်းနှင့် ဆုံးဖြတ်ချက်များကို စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ ရယူခွင့်။

**သတင်းအချက်အလက်များကို ထပ်ဆောင်းဖော်ပြခြင်း**

သင်နှင့် ကျောင်းခရိုင်သည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု အလုပ်ဖွင့်ရက် အနည်းဆုံးငါးရက်ကြိုပြီး ထိုရက်တွင် ပြီးစီးသည့် အကဲဖြတ်မှုနှင့် သင် သို့မဟုတ် ကျောင်းခရိုင်က ကြားနာမှုတွင် အသုံးပြုမည့် အကဲဖြတ်မှုများအပေါ် အခြေခံသော အကြံပြုချက်များ အားလုံးကို အပြန်အလှန် အသိပေးရမည်။

ကြားနာရေး အရာရှိ သို့မဟုတ် ပြန်လည်သုံးသပ်ရေး အရာရှိသည် ဤသတ်မှတ်ချက်ကို လိုက်နာရန် ပျက်ကွက်သူကို အခြား သက်ဆိုင်သူ၏ ခွင့်ပြုချက်မရဘဲ သက်ဆိုင်ရာ အကဲဖြတ်မှု သို့မဟုတ် အကြံပြုချက်ကို ကြားနာရာတွင် ထည့်သွင်းခြင်းကို တားဆီးနိုင်သည်။

**ကြားနာရာတွင် မိဘတို့၏ အခွင့်အရေးများ**

သင့်တွင် အောက်ပါအခွင့်အရေးများ ရှိရမည်-

1. ကြားနာမှုတွင် သင့်ကလေး တက်ရောက်ခွင့်၊
2. ကြားနာမှုကို အများပြည်သူများရှေ့တွင် လုပ်ဆောင်ခွင့်**နှင့်**
3. ကြားနာမှု၊ အချက်အလက်များ ရှာဖွေခြင်းနှင့် ဆုံးဖြတ်ချက်တို့၏ မှတ်တမ်းများကို အခမဲ့ သင်ရယူခွင့်။

## ကြားနာမှု၏ ဆုံးဖြတ်ချက်များ

34 CFR §300.513၊ K.S.A. 72-3416(g)၊ K.S.A. 72-3415(f)၊ K.S.A. 72-3418(a)

**ကြားနာရေး အရာရှိ၏ ဆုံးဖြတ်ချက်**

သင့်ကလေး သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ကို ရရှိခဲ့ခြင်း ရှိမရှိ ကြားနာရေး အရာရှိ၏ ဆုံးဖြတ်ချက်သည် FAPE နှင့် တိုက်ရိုက်သက်ဆိုင်သည့် အထောက်အထားနှင့် လျှောက်လဲချက်များကို အခြေခံခြင်း ဖြစ်ရမည်။

လုပ်ထုံးလုပ်နည်းဆိုင်ရာ ချိုးဖောက်မှုဖြစ်ကြောင်း စွဲဆိုမှုများ (""IEP အဖွဲ့ မပြည့်စုံခြင်း" ကဲ့သို့သော) တွင် ကြားနာရေး အရာရှိသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ချိုးဖောက်မှုများက အောက်ပါတို့နှင့် ငြိစွန်းမှသာ သင့်ကလေး FAPE ကို လက်ခံ ရရှိခြင်းမရှိဟု ဆုံးဖြတ်နိုင်မည်။

1. သင့်ကလေး သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ရယူရာတွင် အနှောင့်အယှက် ဖြစ်စေသည်၊
2. သင့်ကလေး သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ဖြင့် ပံ့ပိုးပေးရန် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် သင်ပါဝင်ရန် အခွင့်အရေးအပေါ် သိသိသာသာ အနှောင့်အယှက်ဖြစ်စေသည် ***သို့မဟုတ်***
3. သင့်ကလေးကို ပညာရေးအရ အကျိုးခံစားခွင့်တစ်ရပ် ဆုံးရှုံးစေသည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက် မှန်သမျှကို ကြားနာရေး အရာရှိက ကျောင်းခရိုင်တစ်ခုအား IDEA ၏ အပိုင်း B ပါ ဖက်ဒရယ် နည်းဥပဒေများအခန်းမှ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ (34 CFR §§300.500 မှ 300.536 အထိ) သို့မဟုတ် ပြည်နယ်ဥပဒေအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရန် အမိန့်ချမှတ်မှုအား တားဆီးနိုင်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်း မရှိစေရ။

အောက်ပါ *တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ဆောင်ခြင်း၊ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု၊ စံပြဖောင်ပုံစံများ၊ ဖြေရှင်းရေး လုပ်ငန်းစဉ်၊ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု၊ ကြားနာမှု ဆိုင်ရာ အခွင့်အရေးများနှင့် ကြားနာမှု၏ ဆုံးဖြတ်ချက်များ* (34 CFR

§§300.507 မှ 300.513 အထိ K.S.A. 72-3415 နှင့် 3416) ခေါင်းစဉ်များပါ မည်သည့်ပြဌာန်းချက်မဆို ပြည်နယ်ပညာရေး အေဂျင်စီနှင့် ကြားနာမှု ဆုံးဖြတ်ချက်အပေါ် သင်အယူခံဝင်ခွင့်အပေါ် သက်ရောက်မှုရှိနိုင်မည် မဟုတ်ပါ။

**တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာရန် သီးခြားတောင်းဆိုချက်**

IDEA ၏ အပိုင်း B ပါ ဖက်ဒရယ် နည်းဥပဒေများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများ အခန်း (34 CFR §§300.500 မှ 300.536 အထိ) သို့မဟုတ် ပြည်နယ်ဥပဒေအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များပါ မည်သည်ကိုမဆို လုပ်ဆောင် ပြီးဖြစ်သည့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုမှ သီးခြားဖြစ်သော တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာရန် တောင်းဆိုချက်တစ်ခု မလုပ်ရန် တားဆီးခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်း မရှိစေရ။

**အကြံပေးအဖွဲ့နှင့် အများပြည်သူများထံ တင်ပြခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်**

ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင် (သင့်ကြားနာမှုအတွက် တာဝန်ရှိသူ) သည် မည်သူမည်ဝါ ခွဲခြား သိရှိနိုင်မည့် အချက်အလက်များကိုဖျက်ပြီး-

1. တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု သို့မဟုတ် ပြည်နယ် အထူးပညာရေး အကြံပေးအဖွဲ့သို့ အယူခံဝင်မှုမှ ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်များကို တင်ပြ**ပြီးလျှင်**
2. အဆိုပါ ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်များကို အများပြည်သူ ကြည့်ရှုနိုင်ရန် ဆောင်ရွက်ရမည်။

# အယူခံများ

## ဆုံးဖြတ်ချက် အဆုံးသတ်ဖြစ်ခြင်း၊ အယူခံ၊ ဘက်မလိုက်သည့် ပြန်လည်သုံးသပ်မှု

34 CFR §300.514၊ K.S.A 72-3416(h)၊ K.S.A. 72-3418(a)၊ (b)၊ (c)

**ကြားနာမှု ဆုံးဖြတ်ချက် အဆုံးသတ်ဖြစ်ခြင်း**
(မသန်စွမ်းသည့် ကလေးတစ်ဦးအား စည်းကြပ်အပြစ်ပေးမှု လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှုတစ်ခု အပါအဝင်) တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတစ်ခု၏ ဆုံးဖြတ်ချက်သည် အဆုံးသတ် အတည်ဖြစ်သော်လည်း ချွင်းချက်အနေဖြင့် ကြားနာမှုတွင် ပါဝင်သူ (သင် သို့မဟုတ် ကျောင်းခရိုင်) သည် ပြည်နယ်ပညာရေး အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့်ရှိသည်။

*ပြည်နယ်သို့ တိုင်ကြားရေး လုပ်ထုံးလုပ်နည်းများတွင် မိဘ သို့မဟုတ် ကျောင်းခရိုင်အနေဖြင့် တိုင်ကြားမှု အစီရင်ခံစာ တစ်ခုပါ ရှာဖွေတွေ့ရှိချက်များ သို့မဟုတ် ကောက်ချက်များကို အယူခံဝင်ခွင့် ပါရှိသည်။ K.A.R. 91-40-51(f)

**ဆုံးဖြတ်ချက်များကို အယူခံဝင်ခြင်း၊ ဘက်မလိုက်သည့် ပြန်လည်သုံးသပ်မှု**
ကြားနာမှု၏ ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်တို့ကြောင့် သက်ဆိုင်သူ (သင် သို့မဟုတ် ကျောင်းခရိုင်) တစ်ဦးအပေါ် စိတ်မကျေမနပ် (ထိခိုက်မှု) ဖြစ်စေခဲ့ပါက ပြည်နယ်ပညာရေး အေဂျင်စီတွင် အယူခံဝင်နိုင်သည်။

အယူခံဝင်ပါက ပြည်နယ်ပညာရေး အေဂျင်စီသည် အယူခံဝင်ထားသည့် ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များအတွက် ဘက်မလိုက်သည့် ပြန်လည်သုံးသပ်ချက်တစ်ခု လုပ်ဆောင်ရမည်။ ၎င်းပြန်လည်သုံးသပ်မှု လုပ်ဆောင်သည့် အရာရှိသည်-

1. ကြားနာမှုမှတ်တမ်း အပြည့်အစုံကို စစ်ဆေးရမည်။
2. ကြားနာမှု လုပ်ထုံးလုပ်နည်းများသည် တရားမျှတသည့် ရပိုင်ခွင့်အရ လိုအပ်ချက်များနှင့် ညီညွတ်စေရမည်။
3. လိုအပ်ပါက နောက်ထပ်အထောက်အထားများ ရှာဖွေရမည်။ နောက်ထပ်အထောက်အထားများ ရယူရန် ကြားနာမှုတစ်ခု လုပ်ဆောင်ခဲ့ပါက ***ကြားနာမှုဆိုင်ရာ အခွင့်အရေးများ*** ခေါင်းစဉ်အောက်မှ အခွင့်အရေးများကို ကျင့်သုံးနိုင်ရမည်။
4. သက်ဆိုင်သူများကို ပြန်လည်သုံးသပ်ရေး အရာရှိ၏ ဆုံးဖြတ်ချက်အလျောက် နှုတ်မှဖြစ်စေ၊ စာဖြင့်ရေးသား၍ ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့်ဖြစ်စေ လျှောက်လဲချက်ပေးရန် အခွင့်အရေးပေးရမည်။
5. ပြန်လည်သုံးသပ်မှု ပြီးစီးချိန်တွင် သီးခြားလွတ်လပ်သည့် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရမည်။ **<u>ပြီးလျှင်</u>**
6. သင်နှင့် ကျောင်းခရိုင်အတွက် သင့်ရွေးချယ်မှုဖြင့် စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ အချက်အလက်အမှန် ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက် မိတ္တူတစ်စောင် ပေးရမည်။

**အကြံပေးအဖွဲ့နှင့် အများပြည်သူများထံ တင်ပြခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်**
ဤပြည်နယ်ပညာရေး အေဂျင်စီသည် မည်သူမည်ဝါ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များကို ဖယ်ရှားပြီး-

1. ပြည်နယ် အထူးပညာရေး အကြံပေးအဖွဲ့သို့ အယူခံဝင်မှုမှ ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်များကို တင်ပြ**<u>ပြီးလျှင်</u>**
2. အဆိုပါ ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်များကို အများပြည်သူ ကြည့်ရှုနိုင်ရန် ဆောင်ရွက်ရမည်။

**ပြန်လည်သုံးသပ်မှု၏ ဆုံးဖြတ်ချက် အဆုံးသတ်ဖြစ်ခြင်း**

သင် သို့မဟုတ် ကျောင်းခရိုင်က ***စွဲဆိုမှုများ လုပ်ဆောင်ရမည့် အချိန်ကန့်သတ်ချက် အပါအဝင် တရားမမှု စွဲဆိုမှုများ*** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း တရားမမှု စွဲဆိုမှုတစ်ခု မတင်သရွေ့ ပြန်လည်သုံးသပ်ရေး အရာရှိ၏ ဆုံးဖြတ်ချက်သည် အဆုံးသတ် အတည်ဖြစ်ရမည်။

## ကြားနာမှုနှင့် ပြန်လည်သုံးသပ်မှုများ၏ အချိန်ကန့်သတ်ချက်နှင့် အဆင်ပြေမှု

34 CFR §300.515၊ K.A.R. 91-40-28(f)၊ (g)၊ K.S.A. 72-3418(b)
ကျောင်းခရိုင်သည် ဖြေရှင်းရေး အစည်းအဝေးများအတွက် ပြက္ခဒိန်ရက် 30 ကာလကုန်ဆုံးပြီးနောက်ဖြစ်စေ **<u>သို့မဟုတ်</u>** ခေါင်းစဉ်ခွဲ ***ပြက္ခဒိန်ရက် 30 ကြာ ဖြေရှင်းရေးကာလကို ချိန်ညှိမှုများ*** တွင် ဖော်ပြထားသည့်အတိုင်း ချိန်ညှိထားသည့်ကာလ ကုန်ဆုံးပြီးနောက်ဖြစ်စေ ပြက္ခဒိန်ရက် 45 ရက်ထက် နောက်မကျဘဲ

1. ကြားနာရာတွင် အဆုံးသတ် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန်**<u>နှင့်</u>**

2. ဆုံးဖြတ်ချက် မိတ္တူတစ်စောင်ကို သင်နှင့် သင့်ကျောင်းခရိုင်သို့ စာတိုက်မှ ပေးပို့ရန် လုပ်ဆောင်ရမည်။

ပြည်နယ်ပညာရေး အေဂျင်စီသည် ပြန်လည်သုံးသပ်မှု လုပ်ဆောင်ရန် တောင်းဆိုချက်တစ်ခု ရရှိပြီးနောက် ပြက္ခဒိန်ရက် 30 ထက် နောက်မကျဘဲ

1. ပြန်လည်သုံးသပ်ရာတွင် အဆုံးသတ် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန်**နှင့်**
2. ဆုံးဖြတ်ချက် မိတ္တူတစ်စောင်ကို သင်နှင့် သင့်ကျောင်းခရိုင်သို့ စာတိုက်မှ ပေးပို့ရန် လုပ်ဆောင်ရမည်။

ကြားနာရေး သို့မဟုတ် ပြန်လည်သုံးသပ်ရေး အရာရှိသည် သင် သို့မဟုတ် ကျောင်းခရိုင်က အချိန်ကန့်သတ်ချက် ရက်တိုးပေးရန် သီးသန့်တောင်းဆိုခဲ့ပါက အထက်ဖော်ပြပါ အချိန်ကာလများထက်ပို၍ (ကြားနာမှု ဆုံးဖြတ်ချက်အတွက် ပြက္ခဒိန်ရက် 45 ရက်နှင့် ပြန်လည်သုံးသပ်မှု၏ ဆုံးဖြတ်ချက်အတွက် ပြက္ခဒိန်ရက် 30) အထူးရက်တိုးပေးနိုင်သည်။

နှုတ်ဖြင့်လျှောက်လဲချက်များ ပါဝင်သည့် ကြားနာမှုနှင့် ပြန်လည်သုံးသပ်မှု တစ်ခုစီကို သင်နှင့် သင့်ကလေးအတွက် ကျိုးကြောင်းဆီလျော် အဆင်ပြေသည့် အချိန်နှင့် နေရာတစ်ခုတွင် ဆောင်ရွက်ပေးရမည်။

## စွဲဆိုမှုများ လုပ်ဆောင်ရမည့် အချိန်ကန့်သတ်ချက် အပါအဝင် တရားမမှု စွဲဆိုမှုများ

34 CFR §300.516၊ K.S.A. 72-3418(c)၊ (d)၊ (e)

**အထွေထွေ**

ပြည်နယ်အဆင့် ပြန်လည်သုံးသပ်မှုမှ ရှာဖွေတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်တို့နှင့် သဘောမတူသည့် မည်သူမဆို (သင် သို့မဟုတ် ကျောင်းခရိုင်) တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုပါ (မသန်စွမ်းသည့် ကလေးတစ်ဦးအား စည်းကြပ် အပြစ်ပေးမှု လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြားနာမှုတစ်ခု အပါအဝင်) ကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်းပြီး တရားမမှု စွဲဆိုမှုတစ်ခု လုပ်ဆောင်ခွင့်ရှိသည်။ ဤစွဲဆိုမှုကို အငြင်းပွားမှုပါ ငွေပမာဏ မည်သို့ပင်ဖြစ်စေကာမူ စီရင်ခွင့်အာဏာရှိ ပြည်နယ်တရားရုံး (ဤအမှုအမျိုးအစားကို ကြားနာရန် အခွင့်အာဏာရှိသည့် ပြည်နယ်တရားရုံး) သို့မဟုတ် အမေရိကန် ပြည်ထောင်စု၏ ခရိုင်တရားရုံး တစ်ခုတွင် လျှောက်ထားနိုင်သည်။

**အချိန်ကန့်သတ်ချက်**

*တရားမမှု စွဲဆိုမှုလုပ်သူ (သင် သို့မဟုတ် ကျောင်းခရိုင်) သည် ပြန်လည်သုံးသပ်ရေး ပြည်နယ်အရာရှိ ဆုံးဖြတ်ချက်ချသည့် ရက်မှ ပြက္ခဒိန်ရက် 30 အတွင်း တရားမမှု စွဲဆိုမှုတစ်ခု လျှောက်ထားရပါမည်။(K.S.A. 72-3418(d))

**ထပ်ဆောင်းလုပ်ထုံးလုပ်နည်းများ**

တရားမမှု စွဲဆိုမှုဖြစ်လျှင် တရားရုံးသည်-

1. အုပ်ချုပ်ရေးမှ ကြားနာစစ်ဆေးမှု မှတ်တမ်းများကို လက်ခံရရှိရမည်။
2. သင့်တောင်းဆိုမှု သို့မဟုတ် ကျောင်းခရိုင်၏ တောင်းဆိုမှုဖြင့် အထောက်အထားများကို ထပ်ဆောင်းကြားနာ ပေးရမည်။ **<u>ပြီးလျှင်</u>**
3. အထောက်အထား ခိုင်လုံများပြားမှုအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချပြီး သင့်လျော်သည်ဟု တရားရုံးမှ ဆုံးဖြတ်ထားသည့် ကူညီဖြေရှင်းမှု ပေးရမည်။

သင့်လျော်သည့် အခြေအနေများတွင် တရားစီရင်မှုမှ ကူညီဖြေရှင်းမှုတွင် ပုဂ္ဂလိကကျောင်း ကျောင်းလခ ပြန်အမ်းခြင်းနှင့် အစားထိုး ပညာရေး ဝန်ဆောင်မှုများ ပါဝင်နိုင်သည်။

**ခရိုင်တရားရုံးများ၏ စီရင်ခွင့်**

အမေရိကန်ပြည်ထောင်စု၏ ခရိုင်တရားရုံးများသည် အငြင်းပွားမှုပါ ငွေပမာဏ မည်သို့ပင်ဖြစ်စေကာမူ IDEA ၏ အပိုင်း B ပါ စွဲဆိုမှုများကို စီရင်အမိန့်ချရန် အခွင့်အာဏာရှိပါသည်။

**အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ**

IDEA ၏ အပိုင်း B ပါ အချက်အလက် မှန်သမျှသည် အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံဥပဒေ၊ 1990 ခုနှစ် မသန်စွမ်းသူ အမေရိကန်နိုင်ငံသားများ အက်ဥပဒေ၊ 1973 3 ခုနှစ် ပြန်လည်နာလန်ထူရေး အက်ဥပဒေ၏ ခေါင်းစဉ် V (အခန်း 504) သို့မဟုတ် မသန်စွမ်းသည့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် အခြား ဖက်ဒရယ် ဥပဒေများအရ ကျင့်သုံးနိုင်မည့် အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကုစားမှုများကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်း မရှိစေရသော်လည်း ခွင်းချက်အနေဖြင့် IDEA ၏ အပိုင်း B အရလည်း ရရှိနိုင်မည့် ကူညီဖြေရှင်းမှုကို လိုလားသည့် အဆိုပါ ဥပဒေများအရ တရားမမှု စွဲဆိုမှုတစ်ခု မလုပ်ဆောင်မီ အထက်ဖော်ပြပါ တရားမျှတသည့် ရပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို ထိုစွဲဆိုမှုအား IDEA ၏ အပိုင်း B အရ လုပ်ဆောင်ပါက ကုန်ဆုံးသည်အထိ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်း အတိုင်းအတာအထိ ကျင့်သုံးရမည်။ IDEA အရ ကျင့်သုံးနိုင်မည့် ကုစားနည်းများနှင့် ထပ်တူညီသည့် ကုစားနည်းများကို အခြားဥပဒေများအရလည်း သင်ကျင့်သုံးနိုင်မည် ဖြစ်သော်လည်း အများအားဖြင့် ထိုအခြားဥပဒေများအရ ကူညီဖြေရှင်းမှု ရယူနိုင်ရန် တရားရုံးသို့ တိုက်ရိုက်မသွားမီ IDEA အရ ရရှိနိုင်သည့် အုပ်ချုပ်ရေး ကုစားနည်းများ (တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု၊ ဖြေရှင်းရေး အစည်းအဝေး အပါအဝင် ဖြေရှင်းရေး လုပ်ငန်းစဉ်နှင့် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု လုပ်ထုံးလုပ်နည်းများ) ကို ဦးစွာကျင့်သုံးရန် လိုအပ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

## တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုနှင့် ကြားနာမှုတို့ကို ဆောင်ရွက်နေချိန်တွင် ကလေးအား နေရာထားရှိမှု

34 CFR §300.518၊ K.S.A. 72-3416(d)၊ K.A.R. 91-40-31

အောက်တွင် ***မသန်စွမ်းသည့် ကလေးသူငယ်များကို စည်းကြပ်အပြစ်ပေးခြင်း လုပ်ထုံးလုပ်နည်းများ ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်မှလွဲပြီး*** တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခုကို အခြားသက်ဆိုင်သူထံ ပေးပို့ပြီးသည်နှင့် ဖြေရှင်းရေး လုပ်ငန်းစဉ်ကာလအတွင်း တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု သို့မဟုတ် တရားရုံး စီရင်မှုတို့ကို စောင့်ဆိုင်းနေချိန်၌ သင့်ပြည်နယ် သို့မဟုတ် ကျောင်းခရိုင်က သဘောမတူခြင်း မရှိသရွေ့ သင့်ကလေးကို သူ/သူမ၏ လက်ရှိပညာရေး နေရာထားရှိမှုတွင် ဆက်ထားရမည်။

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် ပြည်သူပိုင်ကျောင်းသို့ ကနဦး အပ်နှံရန် လျှောက်ထားမှုတစ်ခုပါဝင်ပါက သင့်ကလေးကို သင့်သဘောတူခွင့်ပြုချက်ဖြင့် ပုံမှန်ပြည်သူပိုင်ကျောင်း အစီအစဉ်တွင် အဆိုပါ စီရင်ဆောင်ရွက်မှုများအားလုံး မပြီးသေးခင်အထိ ထားရှိရမည်။

တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတွင် IDEA ၏ အပိုင်း C အရ ပံ့ပိုးမှုခံယူနေရာမှ IDEA ၏ အပိုင်း B သို့ ကူးပြောင်းနေပြီး အသက်သုံးနှစ်ပြည့်သည့်အတွက် အပိုင်း C တွင် အကျုံးမဝင်တော့သည့် မသန်စွမ်း ကလေးတစ်ဦးအတွက် IDEA ၏ အပိုင်း B အရ ကနဦး ဝန်ဆောင်မှုများ လျှောက်ထားမှုတစ်ခု ပါဝင်ပါက ကျောင်းခရိုင်သည် ကလေးလက်ခံရရှိ နေသည့် အပိုင်း C ဝန်ဆောင်မှုများပေးရန် မလိုအပ်တော့ပါ။ ကလေးသည် IDEA ၏ အပိုင်း B အရ အကျုံးဝင်ပြီး သင့်ကလေး အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ပထမဆုံးအကြိမ် လက်ခံရရှိရန် သဘောတူလျှင် ကျောင်းခရိုင်သည် စီရင်ဆောင်ရွက်မှုများ၏ ရလဒ်များ မရသေးမီ အငြင်းပွားမှုမရှိသည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ (သင်နှင့် ကျောင်းခရိုင် နှစ်ခုစလုံး သဘောတူထားသည့် ဝန်ဆောင်မှုများ) ပေးအပ်ရမည်။

အုပ်ချုပ်ရေး အယူခံ စီရင်ဆောင်ရွက်မှုတစ်ခုမှ ပြန်လည်သုံးသပ်ရေး ပြည်နယ်အရာရှိတစ်ဦးက နေရာထားရှိမှု ရွှေ့ပြောင်းရန် သင့်လျော်သည်ဟု သဘောတူပါက ထိုသို့ထားရှိမှုကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဘက်မလိုက်သည့် ကြားနာမှု သို့မဟုတ် တရားရုံး စီရင်ဆောင်ရွက်မှုအတွက် ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်အတွင်း သင့်ကလေး ဆက်လက်ရှိရမည့် လက်ရှိပညာရေး နေရာထားရှိမှုအဖြစ် ဆက်လက်မှတ်ယူရမည်။

## ရှေ့နေခများ

34 CFR §300.517၊ K.S.A. 72-3418(e)(4)

**အထွေထွေ**

IDEA ၏ အပိုင်း B အရ စီရင်ဆောင်ရွက်မှု သို့မဟုတ် စွဲဆိုမှု မှန်သမျှအတွက် တရားရုံးက ၎င်း၏ဆုံးဖြတ်ချက်အလျောက် သင်အမှုနိုင်ပါက သင့်အတွက် တရားရုံး ကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျိုးကြောင်းဆီလျော်သည့် ရှေ့နေခများ ချီးမြင့်နိုင်သည်။

IDEA ၏ အပိုင်း B အရ စီရင်ဆောင်ရွက်မှု သို့မဟုတ် စွဲဆိုမှု မှန်သမျှအတွက် တရားရုံးက ၎င်း၏ဆုံးဖြတ်ချက်အလျောက် အမှုနိုင်သည့် ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်အတွက် တရားရုံး ကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် ကျိုးကြောင်းဆီလျော်သည့် ရှေ့နေခများကို အောက်ပါအခြေအနေများတွင် သင့်ရှေ့နေက ပေးချေရန် ဆုံးဖြတ်ချက်ချနိုင်သည်- သင့်ရှေ့နေက (a) တရားရုံးက သိမ်ဖျင်းသည်၊ ကျိုးကြောင်းမဆီလျော် သို့မဟုတ် အခြေအမြစ် မရှိဟု သတ်မှတ်သည့် တိုင်ကြားမှု သို့မဟုတ် အမှုတစ်ခုကို လျှောက်ထားခဲ့လျှင်**<u>ဖြစ်စေ</u>** (b) တရားစွဲဆိုမှုသည် သိမ်ဖျင်းသည်၊ ကျိုးကြောင်းမဆီလျော် သို့မဟုတ် အခြေအမြစ်မရှိကြောင်း ထင်ရှားပြီးနောက် ဆက်လက်၍ စွဲဆို ဆောင်ရွက်လျှင် **<u>သို့မဟုတ်</u>**

IDEA ၏ အပိုင်း B အရ စီရင်ဆောင်ရွက်မှု သို့မဟုတ် စွဲဆိုမှု မှန်သမျှအတွက် သင်၏ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု သို့မဟုတ် နောက်ပိုင်းတွင် တရားရုံးအမှုကို စွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှု (ကြားနာမှု) ကို နှောင့်ယှက်ရန်၊ မလိုအပ်ဘဲ နှောင့်နှေးမှုဖြစ်စေရန် သို့မဟုတ် မလိုအပ်ဘဲ ကုန်ကျစရိတ်ပိုစေရန် အစရှိသည့် အကြောင်းရင်းများကြောင့် လုပ်ဆောင်ရခြင်း ဖြစ်ပါက တရားရုံးက ၎င်း၏ဆုံးဖြတ်ချက်အလျောက် အမှုနိုင်သည့် ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်အတွက် တရားရုံး ကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျိုးကြောင်းဆီလျော်သည့် ရှေ့နေခများကို သင်နှင့် သင့်ရှေ့နေက ပေးချေရန် ဆုံးဖြတ်ချက်ချနိုင်သည်။

**အခကြေးငွေ ချီးမြင့်ခြင်း**

တရားရုံးသည် ကျိုးကြောင်းဆီလျော်သည့် ရှေ့နေခများကို အောက်ပါအတိုင်း ချီးမြင့်နိုင်သည်-

1. အခကြေးငွေများသည် ထိုစွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှု ဖြစ်ပွားရာ ရပ်ရွာလူထုအတွင်း ပံ့ပိုးပေးသည့် သက်ဆိုင်ရာ ဝန်ဆောင်မှု အမျိုးအစားနှင့် အရည်အသွေးတို့အရ သင့်လျော်သည့် လုပ်အားခနှုန်းများအပေါ် အခြေခံခြင်း ဖြစ်ရမည်။ ချီးမြင့်ပေးသည့် အခကြေးငွေများကို တွက်ချက်ရာတွင် အပိုကြေး သို့မဟုတ် ရာခိုင်နှုန်းများကို အသုံးမပြုနိုင်ပါ။

2. အောက်ပါအခြေအနေများတွင် IDEA ၏ အပိုင်း B အရ စွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှုအတွက် သင့်ထံ ကြေအေးရန် စာဖြင့်ရေးသား ကမ်းလှမ်းမှုလုပ်ပြီးနောက် ပံ့ပိုးပေးခဲ့သည့် ဝန်ဆောင်မှုများအတွက် ရှေ့နေခ ချီးမြှင့်ခြင်းနှင့် သက်ဆိုင်ရာ ကုန်ကျစရိတ်များ ပြန်အမ်းခြင်းတို့ကို ဆောင်ရွက်ပေးမည် မဟုတ်ပါ-

    a. ထိုကမ်းလှမ်းမှုကို တရားမမှု လုပ်ထုံးလုပ်နည်းများဆိုင်ရာ ဖက်ဒရယ် နည်းဥပဒေများ၏ စည်းကမ်းချက် 68 အရ သတ်မှတ်ထားသည့် အချိန်အတွင်းဖြစ်စေ၊ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု သို့မဟုတ် ပြည်နယ်အဆင့် ပြန်လည်သုံးသပ်မှုတစ်ခု ဖြစ်ပါက စီရင်ဆောင်ရွက်မှု မစတင်မီ ပြက္ခဒိန်ရက် 10 ရက် အတွင်း ဖြစ်စေ လုပ်ဆောင်ခြင်းဖြစ်ပါက၊

    b. ကမ်းလှမ်းမှုကို ပြက္ခဒိန်ရက် 10 ရက်အတွင်း လက်ခံခဲ့ခြင်း မရှိပါက၊ **<u>ပြီးလျှင်</u>**

    c. သင်နောက်ဆုံးရရှိသည့် ကူညီဖြေရှင်းမှုသည် ကြေအေးရန် ကမ်းလှမ်းမှုနှင့်ယှဉ်လျှင် သင့်အတွက် အသာမရဟု တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ကြားနာရေး အရာရှိတို့က တွေ့ရှိခဲ့ပါက။

    ဤကန့်သတ်ချက်များ ရှိသော်လည်း သင်အမှုနိုင်ခဲ့ပြီး ကြေအေးရန် ကမ်းလှမ်းမှုကို သင်ပယ်ချခြင်းသည် သိသိသာသာ မျှတမှန်ကန်ကြောင်း တွေ့ရပါက သင့်ကို ရှေ့နေခနှင့် သက်ဆိုင်ရာ ကုန်ကျစရိတ်များကို ချီးမြှင့်နိုင်သည်။

3. အုပ်ချုပ်ရေးအရ စီရင်ဆောင်ရွက်မှု သို့မဟုတ် တရားရုံးအမှု၏ ရလဒ်အနေဖြင့် ကျင်းပသည့် တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အဖွဲ့ အစည်းအဝေးများမှလွဲပြီး ကျန် IEP အဖွဲ့ အစည်းအဝေးများအတွက် အခကြေး ငွေများ ချီးမြှင့်မည်မဟုတ်ပါ။

4. ကြားဝင်ဖြန်ဖြေခြင်း ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့် ကြားဝင်ဖြန်ဖြေမှုအတွက် အခကြေးငွေများ ချီးမြှင့်မည်မဟုတ်ပါ။

    ခေါင်းစဉ် ***ဖြေရှင်းရေး လုပ်ငန်းစဉ်***အရ ဖော်ပြထားသည့် ဖြေရှင်းရေး အစည်းအဝေးကို အုပ်ချုပ်ရေးအရ စီရင် ဆောင်ရွက်မှု သို့မဟုတ် တရားရုံးအမှု၏ ရလဒ်အနေဖြင့် ကျင်းပသည်ဟု သတ်မှတ်ယူမည်မဟုတ်ဘဲ ဤရှေ့နေခ ချီးမြှင့်မှုနှင့် ပတ်သက်လျှင် အုပ်ချုပ်ရေးအရ ကြားနာမှု သို့မဟုတ် တရားရုံးအမှုဟုလည်း မှတ်ယူမည် မဟုတ်ပါ။

တရားရုံးသည် အောက်ပါတို့ကို တွေ့ရှိခဲ့ပါက သင့်လျော်သလို IDEA ၏ အပိုင်း B အရ ချီးမြှင့်ခဲ့သည့် ရှေ့နေခပမာဏကို လျှော့ချပေးမည်-

1. သင် သို့မဟုတ် သင့်ရှေ့နေက စွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှု လုပ်ဆောင်စဉ်အတွင်း ထိုအငြင်းပွားမှုကို အဆုံးသတ် ဖြေရှင်းရာတွင် ကျိုးကြောင်းမဆီလျော်ဘဲ နှောင့်နှေးမှုဖြစ်စေခြင်း၊

2. သို့မဟုတ်ပါက ခွင့်ပြုချက်ပေးခဲ့သည့် ရှေ့နေခ ပမာဏသည် ထိုစွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှု ဖြစ်ပွားရာ ရပ်ရွာလူထုအတွင်း ကျွမ်းကျင်မှု၊ ဂုဏ်သတင်းနှင့် အတွေ့အကြုံ ဆင်တူသည့် ရှေ့နေများမှ ပံ့ပိုးပေးသည့် သင့်လျော်သည့် နာရီအလိုက် လုပ်အားခနှုန်းများကို ကျိုးကြောင်းမဆီလျော်စွာ ကျော်လွန်နေခြင်း၊

3. စွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှု၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားလျှင် ကုန်သည့်အချိန်နှင့် ပံ့ပိုး ပေးခဲ့သည့် ဥပဒေရေးရာ ဝန်ဆောင်မှုများမှာ လွန်ကဲနေခြင်း **<u>သို့မဟုတ်</u>**

4. သင့်အားကိုယ်စားပြုသည့် ရှေ့နေသည် ကျောင်းခရိုင်အား ***တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု*** ခေါင်းစဉ် အရ ဖော်ပြထားသည့်အတိုင်း တရားမျှတသည့် ရပိုင်ခွင့် တောင်းဆိုရန် အသိပေးစာတွင် သင့်လျော်သည့် အချက် အလက်များ မပါဝင်ရပါ။

သို့သော်လည်း တရားရုံးသည် ကျောင်း သို့မဟုတ် ကျောင်းခရိုင်သည် စွဲဆိုမှု သို့မဟုတ် စီရင်ဆောင်ရွက်မှုအတွက် အဆုံးသတ် ဖြေရှင်းမှုကို ကျိုးကြောင်းမဆီလျော်ဘဲ နှောင့်နှေးစေခဲ့ကြောင်း သို့မဟုတ် IDEA ၏ အပိုင်း B ပါ လုပ်ထုံး လုပ်နည်းဆိုင်ရာ အရံအတားများ ပြဋ္ဌာန်းခြင်းအရ ချိုးဖောက်မှုတစ်ခု ရှိပါက ဤအခကြေးငွေများကို လျှော့ချနိုင်မည် မဟုတ်ပါ။

# မသန်စွမ်းသည့် ကလေးသူငယ်များအား စည်းကြပ်အပြစ်ပေးရန် လုပ်ထုံးလုပ်နည်းများ

မှတ်ချက်- ဤအခန်းသည် ပါရမီရှင် ကလေးများနှင့် မသက်ဆိုင်ပါ။

## ကျောင်းဝန်ထမ်းတို့၏ အခွင့်အာဏာ

34 CFR §300.530

**ဖြစ်စဉ်တစ်ခုစီအလိုက် ဆုံးဖြတ်ခြင်း**
ကျောင်းဝန်ထမ်းတို့သည် ကျောင်းစည်းကမ်းကို ချိုးဖောက်သည့် မသန်စွမ်းသူ ကလေးတစ်ဦးအတွက် စည်းကမ်းထိန်းသိမ်းမှု ဆိုင်ရာ အောက်ဖော်ပြပါ လိုအပ်ချက်များနှင့်အညီ နေရာထားရှိမှု အပြောင်းအလဲ လုပ်ဆောင်ရန် သင့်လျော်ခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် ဖြစ်စဉ်တစ်ခုစီအလိုက် တစ်မူထူးခြားသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားနိုင်သည်။

**အထွေထွေ**
ကျောင်းဝန်ထမ်းများသည် မသန်စွမ်းသည့် ကလေးသူငယ်များအတွက် အဆိုပါ ဆောင်ရွက်ချက်များ လုပ်နိုင်သည့် အတိုင်း အတာအထိ ကျောင်းစည်းကမ်းကို ချိုးဖောက်သည့် မသန်စွမ်းသူ ကလေးတစ်ဦးကို သင့်လျော်သည့် ကြားကာလ အစားထိုး ပညာရေး သင်ကြားမှု၊ အခြားအခြေအနေ သို့မဟုတ် ဆိုင်းငံ့မှုတို့မှ**ကျောင်းဖွင့်ရက် 10 ရက်**ဆက်တိုက်ထက် မပိုဘဲ ဖယ်ရှား နိုင်သည်။ ကျောင်းဝန်ထမ်းများသည် ကလေးကို စာသင်နှစ်တစ်ခုအတွင်း အခြားသီးခြား ကျောင်းစည်းကမ်း ချိုးဖောက် မှုများအတွက် ဖယ်ရှားမှုကြောင့် နေရာထားရှိမှု အပြောင်းအလဲ မရှိသရွေ့ **ကျောင်းဖွင့်ရက် 10 ရက်**ဆက်တိုက်ထက် မပိုဘဲ ထပ်မံဖယ်ရှားမှုများ လုပ်နိုင်သည် (အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ***စည်းကမ်းချိုးဖောက်၍ ဖယ်ရှားမှုများကြောင့် နေရာထားရှိမှု ပြောင်းလဲခြင်း*** ခေါင်းစဉ်တွင် ကြည့်ပါ)။

မသန်စွမ်းသည့် ကလေးသူငယ်တစ်ဦးကို စာသင်နှစ် တစ်နှစ်အတွင်း ၎င်းတို့၏ နေရာထားရှိမှုမှ **ကျောင်းဖွင့်ရက် 10 ရက်** ဖယ်ရှားပြီးလျှင် ကျောင်းခရိုင်သည် ထိုကျောင်းစာသင်နှစ်အတွင်း ဆက်လက်ဖယ်ရှားသည့် ရက်များတွင် ခေါင်းစဉ်ခွဲ ***ဝန်ဆောင်မှုများ***အရ လိုအပ်သည့် အတိုင်းအတာအထိ ဝန်ဆောင်မှုများပေးရန် လိုအပ်သည်။

**ထပ်ဆောင်းအခွင့်အာဏာ**
ကလေး၏ ကျောင်းစည်းကမ်းချိုးဖောက်မှု ဖြစ်စေသည့် အပြုအမူသည် ထိုကလေး၏ မသန်စွမ်းမှုမှ အရင်းခံခြင်း မဟုတ်ဘဲ (***အရင်းခံမှုကို သတ်မှတ်ခြင်း***ခေါင်းစဉ်ခွဲတွင် ကြည့်ပါ) စည်းကြပ်အပြစ်ပေးသည့်အနေဖြင့် နေရာထားရှိမှု ပြောင်းလဲမှုသည် **ကျောင်းဖွင့်ရက် 10 ရက်** ဆက်တိုက်ထက် ပိုမည်ဆိုပါက ကျောင်းဝန်ထမ်းတို့သည် ထိုမသန်စွမ်းသည့် ကလေးသူငယ်အား ပုံမှန်သန်စွမ်းသည့် ကလေးသူငယ်များအား အပြစ်ပေးမည့် ပုံစံနှင့် တူညီသော ကြာချိန်တို့ဖြင့် စည်းကြပ်အပြစ်ပေး နိုင်သော်လည်း ထိုအချိန်အတွင်း ထိုကလေးအား ***ဝန်ဆောင်မှုများ***တွင် အောက်ပါဖော်ပြချက်အတိုင်း ဝန်ဆောင်မှုများ ပေးရမည်။ ကလေး၏ IEP အဖွဲ့သည် အဆိုပါ ဝန်ဆောင်မှုများအတွက် ကြားကာလ အစားထိုးပညာရေး သင်ကြားမှုများကို ဆုံးဖြတ်ပေးရမည်။

**ဝန်ဆောင်မှုများ**
ကျောင်းခရိုင်သည် စာသင်နှစ်တစ်ခုအတွင်း သူ/သူမ၏ လက်ရှိနေရာထားရှိမှုမှ ဖယ်ရှားခံရချိန် **ကျောင်းဖွင့်ရက် 10 ရက်နှင့်အောက်**ရှိ မသန်စွမ်းသည့် ကလေးသူငယ် သို့မဟုတ် မသန်စွမ်းမှု မရှိသည့် ကလေးသူငယ်အတွက် ဝန်ဆောင်မှုများ ပေးရန် မလိုပါ။

လက်ရှိနေရာထားရှိမှုမှ **ကျောင်းဖွင့်ရက် 10 ရက်ထက်ပို၍** ဖယ်ရှားခံရပြီး အပြုအမူသည် ထိုကလေး၏ မသန်စွမ်းမှုမှ အရင်းခံခြင်းဖြစ်သည့် (***အရင်းခံမှုကို သတ်မှတ်ခြင်း***ခေါင်းစဉ်ခွဲတွင် ကြည့်ပါ) သို့မဟုတ် အထူးအခြေအနေများအရ ဖယ်ရှားခံ ခဲ့ရသည့် မသန်စွမ်း ကလေးသူငယ်တစ်ဦး (***အထူးအခြေအနေများ***) သည်-

1. ကလေးကို အခြားအခြေအနေတစ်ခုတွင် ဖြစ်သော်လည်း (ကြားကာလ အစားထိုး ပညာသင်ကြားမှု ဖြစ်နိုင်သည်) ပုံမှန်ပညာရေး သင်ရိုးများဖြင့် ဆက်လက်ပါဝင် သင်ကြားနိုင်ရန်နှင့် ကလေး၏ IEP တွင် ချမှတ်ထားသည့် ဦးတည်ချက်များသို့ ရောက်ရှိနိုင်ရန်အတွက် ပညာရေး ဝန်ဆောင်မှုများ ဆက်လက်လက်ခံရရှိရမည် (သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေးကို ရယူနိုင်ရမည် **<u>ဖြစ်ပြီး</u>**

2. အပြုအမူဆိုင်ရာ ချိုးဖောက်မှုများ ထပ်မံမဖြစ်စေရန် ဖြေရှင်းပေးရန်အတွက် ဖန်တီးရေးဆွဲထားသည့် လက်တွေ့အပြုအမူ ဆန်းစစ်ချက်နှင့် အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်ရေး ဝန်ဆောင်မှုများနှင့် ပြင်ဆင်မှုများကို သင့်လျော်သလို လက်ခံရရှိရမည်။

မသန်စွမ်းသည့် ကလေးတစ်ဦးကို စာသင်နှစ်တစ်ခုအတွင်း သူ/သူမ၏ လက်ရှိနေရာထားရှိမှုမှ **ကျောင်းဖွင့်ရက် 10 ရက်** ဖယ်ရှားပြီး ဖြစ်ပြီး**<u>အကယ်၍</u>**လက်ရှိဖယ်ရှားမှုသည် **ကျောင်းဖွင့်ရက် 10 ရက်** ဆက်တိုက်နှင့်အောက်**ဖြစ်ပါက** ဖယ်ရှားမှုသည် နေရာထားရှိမှု အပြောင်းအလဲ (အောက်ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) **<u>မဟုတ်ပါက</u>** ပုံမှန်ပညာရေး အုပ်ချုပ်ရေးမှူးများ အပါအဝင် ကျောင်းအရာရှိများ၊ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် ထိုညွှန်ကြားရေးမှူး၏ ကိုယ်စားလှယ်/ကိုယ်စားလျှယ်များနှင့် ကလေး၏ အထူးပညာရေးဆရာတို့သည် (K.A.R. 91-40-33(b))

ထိုကလေး အခြား အခြေအနေတစ်ခုတွင် ဖြစ်သော်လည်း ပုံမှန်ပညာရေး သင်ရိုးများဖြင့် ဆက်လက်ပါဝင် သင်ကြားနိုင်ရန်နှင့် ကလေး၏ IEP တွင် ချမှတ်ထားသည့် ဦးတည်ချက်များသို့ ရောက်ရှိနိုင်ရန် လိုအပ်သည့် ဝန်ဆောင်မှုများနှင့် လိုအပ်သည့် အတိုင်းအတာ တို့ကို ဆုံးဖြတ်ပေးရမည်။

ထိုဖယ်ရှားမှုသည် နေရာထားရှိမှု အပြောင်းအလဲ ဖြစ်ပါက (***စည်းကမ်းချိုးဖောက်၍ ဖယ်ရှားမှုများကြောင့် နေရာထားရှိမှု ပြောင်းလဲခြင်း***ခေါင်းစဉ်အောက်တွင် ကြည့်ပါ) ထိုကလေး၏ IEP အဖွဲ့သည် ထိုကလေး အခြားအခြေအနေတစ်ခုတွင် ဖြစ်သော်လည်း (ကြားကာလ အစားထိုး ပညာသင်ကြားမှု ဖြစ်နိုင်သည်) ပုံမှန်ပညာရေး သင်ရိုးများဖြင့် ဆက်လက်ပါဝင် သင်ကြားနိုင်ရန်နှင့် ကလေး၏ IEP တွင် ချမှတ်ထားသည့် ဦးတည်ချက်များသို့ ရောက်ရှိနိုင်ရန် သင့်လျော်သည့် ဝန်ဆောင်မှုများကို ဆုံးဖြတ်ပေးရမည်။

**အရင်းခံမှုကို သတ်မှတ်ခြင်း**
ကျောင်းစည်းကမ်း ချိုးဖောက်မှုကြောင့် မသန်စွမ်းသည့် ကလေးသူငယ်တစ်ဦးအား နေရာထားရှိမှုကို ပြောင်းလဲရန် ဆုံးဖြတ်ချက်ချပြီး **ကျောင်းဖွင့်ရက် 10 ရက်** အတွင်း (နေရာထားရှိမှု အပြောင်းအလဲ မဟုတ်ဘဲ **ကျောင်းဖွင့်ရက် 10 ရက်**ဆက်တိုက်နှင့်အောက် ဖယ်ရှားမှုမှလွဲပြီး) ကျောင်းခရိုင်၊ သင်နှင့် (သင်နှင့် ကျောင်းခရိုင်တို့၏ ဆုံးဖြတ်ချက်အရ) အခြားသက်ဆိုင်ရာ IEP အဖွဲ့ဝင်များသည် အောက်ပါတို့ကို ဆုံးဖြတ်ရန် ကလေး၏ IEP၊ အခြားဆရာတို့၏ စောင့်ကြည့်လေ့လာမှုများနှင့် သင်တို့ရရှိသည့် သက်ဆိုင်ရာ အချက်အလက် မှန်သမျှ အပါအဝင် ကျောင်းသား၏ ဖိုင်အတွင်းပါ သက်ဆိုင်ရာ အချက်အလက်အားလုံးကို ကြည့်ရှုရမည်-

1. အလေးပေးရမည့် အပြုအမူသည် ကလေး၏ မသန်စွမ်းမှုကြောင့် သို့မဟုတ် ထိုမသန်စွမ်းမှုနှင့် သိသိသာသာ တိုက်ရိုက် ဆက်နွယ်နေခြင်း ရှိမရှိ **<u>သို့မဟုတ်</u>**
2. ထိုအပြုအမူသည် ကျောင်းခရိုင်က ကလေး၏ IEP ကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှု၏ တိုက်ရိုက်အကျိုးဆက် ဟုတ်မဟုတ်။

ကျောင်းခရိုင်၊ သင်နှင့် အခြားသက်ဆိုင်သည့် ကလေး၏ IEP အဖွဲ့ဝင်များက အထက်ဖော်ပြပါ အခြေအနေနှစ်ခုအနက်မှ တစ်ခုနှင့် ကိုက်ညီသည်ဟု ဆုံးဖြတ်ပါက ထိုအပြုအမူကို ကလေး၏ မသန်စွမ်းမှုမှ အရင်းခံခြင်းဖြစ်သည်ဟု သတ်မှတ်ရမည်။

ကျောင်းခရိုင်၊ သင်နှင့် အခြားသက်ဆိုင်သည့် ကလေး၏ IEP အဖွဲ့ဝင်များက ထိုဂရုပြုရမည့် အပြုအမူသည် ကျောင်းခရိုင်က IEP ကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှု၏ တိုက်ရိုက်အကျိုးဆက်ဟု သတ်မှတ်ခဲ့ပါက ကျောင်းခရိုင်သည် အဆိုပါ မပြည့်စုံမှုများကို ကုစားနိုင်ရန် ချက်ချင်းဆောင်ရွက်ရမည်။

**အပြုအမူသည် ကလေး၏ မသန်စွမ်းမှုမှ အရင်းခံကြောင်း သတ်မှတ်ခြင်း**
ကျောင်းခရိုင်၊ သင်နှင့် အခြားသက်ဆိုင်သည့် ကလေး၏ IEP အဖွဲ့ဝင်များက ထိုအပြုအမူသည် ကလေး၏ မသန်စွမ်းမှုမှ အရင်းခံကြောင်း သတ်မှတ်ခဲ့ပါက ထို IEP အဖွဲ့သည်-

1. နေရာထားရှိမှု အပြောင်းအလဲ ဖြစ်စေခဲ့သည့် အပြုအမူ မဖြစ်ပေါ်မီ ကျောင်းခရိုင်က လက်တွေ့အပြုအမူ ဆန်းစစ်ချက်တစ်ရပ် လုပ်ဆောင်ခဲ့ခြင်း မရှိသေး၍ ထိုကလေးအတွက် လက်တွေ့အပြုအမူ ဆန်းစစ်ချက်တစ်ရပ် လုပ်ဆောင်ပြီး အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်ရေး အစီအစဉ်တစ်ခု ဖန်တီးရမည် **<u>သို့မဟုတ်</u>**
2. အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်ရေး အစီအစဉ်တစ်ခုကို ရေးဆွဲပြီးဖြစ်ပါက ထိုအပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်ရေး အစီအစဉ်ကို ပြန်လည်သုံးသပ်၍ အပြုအမူကို ဖြေရှင်းနိုင်ရန် လိုအပ်သလို ပြင်ဆင်ပါ။

အောက်ဖော်ပြပါ ခေါင်းစဉ်ခွဲ ***အထူးအခြေအနေများ***တွင် ဖော်ပြထားသည့် ချွင်းချက်အခြေအနေမှလွဲပြီး ကျောင်းခရိုင်သည် သင့်ကလေးကို သူ/သူမအား ဖယ်ရှားခဲ့သည့် နေရာထားရှိမှုသို့ ပြန်ထားရမည်ဖြစ်ပြီး သင်နှင့် ကျောင်းခရိုင်တို့က အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်ရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ထိုနေရာထားရှိမှုကို ပြောင်းလဲရန် သဘောတူပါက ထိုသို့မထားဘဲ နေနိုင်ပါသည်။

**အထူးအခြေအနေများ**
အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုမှ အရင်းခံခြင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျောင်းဝန်ထမ်းများသည် သင့်ကလေး အောက်ပါအပြုအမူများ လုပ်ခဲ့ပါက ကြားကာလ အစားထိုး ပညာသင်ကြားမှု အနေအထားသို့ (ထိုကလေး၏ IEP အဖွဲ့မှ သတ်မှတ်သည့်အတိုင်း) ကြာချိန် ကျောင်းဖွင့်ရက် 45 ရက်ထက်မကျော်စေဘဲ ရွှေ့ပြောင်းနိုင်သည်-

1. ကျောင်းသို့ လက်နက်တစ်လက် (အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်တွင်ကြည့်ပါ) ယူဆောင်လာခြင်း၊ ကျောင်း၊ ကျောင်းဥပစာ သို့မဟုတ် ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်၏ စီရင်ခွင့်ရနယ်မြေအတွင်းမှ ကျောင်းလုပ်ငန်းပွဲ တစ်ခုတွင် လက်နက်ထားရှိခြင်း၊
2. တရားမဝင် မူးယစ်ဆေးများ (အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်တွင်ကြည့်ပါ) ကို သိသော်လည်း လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် ကျောင်း၊ ကျောင်းဥပစာ သို့မဟုတ် ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်၏ စီရင်ခွင့်ရနယ်မြေအတွင်းမှ ကျောင်းလုပ်ငန်းပွဲ တစ်ခုတွင် ထိန်းချုပ်ပစ္စည်းများ (အောက်ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကြည့်ပါ) ကို ရောင်းချခြင်း သို့မဟုတ် ရောင်းချရန်ဆွယ်ခြင်း **<u>သို့မဟုတ်</u>**

3. ကျောင်း၊ ကျောင်းဥပစာ သို့မဟုတ် ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်၏ စီရင်ခွင့်ရနယ်မြေ အတွင်းမှ ကျောင်းလုပ်ငန်းပွဲ တစ်ခုတွင် အခြားလူတစ်ဦးအား ပြင်းထန်စွာ ဒဏ်ရာအနာတရ ဖြစ်စေခြင်း (အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်တွင်ကြည့်ပါ)။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

*ထိန်းချုပ်ပစ္စည်း* ဆိုသည်မှာ ထိန်းချုပ်ပစ္စည်းများ အက်ဥပဒေ (21 U.S.C.812(c)) ၏ အခန်း 202(c) ပါ ကန့်သတ်ဇယား I၊ II၊ III၊ IV သို့မဟုတ် V တွင် ပါဝင်သည့် မူးယစ်ဆေး သို့မဟုတ် အခြားပစ္စည်းများကို ဆိုလိုသည်။

*တရားမဝင် မူးယစ်ဆေးဝါး* ဆိုသည်မှာ ထိန်းချုပ်ပစ္စည်း တစ်ခု ဖြစ်သော်လည်း လိုင်စင်ရ ကျန်းမာရေးပညာရှင်တစ်ဦး၏ ကြီးကြပ်မှုဖြင့် တရားဝင် လက်ဝယ်ထားရှိသည့် သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် ဤအက်ဥပဒေ သို့မဟုတ် အခြား ဖက်ဒရယ်ဥပဒေ ပြဋ္ဌာန်းချက်အရ အခြားအခွင့်အာဏာဖြင့် တရားဝင် ပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုသည့် ထိန်းချုပ် ပစ္စည်းတို့ မပါဝင်ပါ။

*ပြင်းထန်သည့် ဒဏ်ရာအနာတရ* ဆိုသည်မှာ အမေရိကန် ပြည်ထောင်စု ဥပဒေ ခေါင်းစဉ် 18 မှ အခန်း 1365 ၏ အခန်းခွဲ (h)၊ စာပိုဒ် (3) တွင် ဖော်ပြထားသည့် "ပြင်းထန်သည့် ဒဏ်ရာအနာတရ" နှင့် အဓိပ္ပာယ်တူသည်။

*လက်နက်* ဆိုသည်မှာ အမေရိကန် ပြည်ထောင်စု ဥပဒေ ခေါင်းစဉ် 18 ၏ အခန်း 930 မှ ပထမအခန်းခွဲ (g)၊ စာပိုဒ် (2) တွင် ဖော်ပြထားသည့် "အန္တရာယ်များသည့် လက်နက်" နှင့် အဓိပ္ပာယ်တူပါသည်။

**အသိပေးခြင်း**

သင့်ကလေး ကျောင်းစည်းကမ်း ချိုးဖောက်မှုကြောင့် နေရာထားရှိမှု အပြောင်းအလဲဖြစ်စေမည့် ဖယ်ရှားမှုတစ်ခုကို ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချသည့်နေ့တွင် ကျောင်းခရိုင်သည် ထိုဆုံးဖြတ်ချက်အကြောင်း သင့်ကိုအသိပေးပြီး လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားအကြောင်း အသိပေးစာတစ်စောင် ပေးရမည်။

## စည်းကမ်းချိုးဖောက်၍ ဖယ်ရှားမှုများကြောင့် နေရာထားရှိမှု ပြောင်းလဲခြင်း

34 CFR §300.536

မသန်စွမ်းသူ သင့်ကလေးအား လက်ရှိပညာရေးအရ နေရာထားရှိမှုတစ်ခုမှ ဖယ်ရှားခြင်းသည် အောက်ပါအခြေအနေများတွင် **နေရာထားရှိမှု အပြောင်းအလဲ** ဖြစ်သည်-

1. ဖယ်ရှားမှုသည် ကျောင်းဖွင့်ရက် 10 ရက်ဆက်တိုက်ထက် ကျော်လျှင် **<u>သို့မဟုတ်</u>**
2. သင့်ကလေးအား ဖယ်ရှားမှုများစွာ ရှိခဲ့ပြီး ထိုဖယ်ရှားမှုများသည် အောက်ပါအတိုင်း ပုံမှန်အမူအကျင့်တစ်ခု ဖြစ်လာလျှင်-
   a. ဖယ်ရှားမှုများသည် ကျောင်းစာသင်နှစ် တစ်ခုတွင် စုစုပေါင်း ကျောင်းဖွင့်ရက် 10 ရက်ထက်ကျော်သည်၊
   b. သင့်ကလေး၏ အပြုအမူသည် ထိုသို့ဖယ်ရှားမှုများစွာ ဖြစ်စေခဲ့သည့် ယခင်ဖြစ်စဉ်များအတွင်း ထိုကလေး၏ အပြုအမူနှင့် သိသိသာသာ ဆင်တူနေသည် ပြီးလျှင်
   c. ဖယ်ရှားမှု တစ်ခုစီ၏ ကြာချိန်၊ သင့်ကလေးအား ဖယ်ရှားခဲ့သည့် ကြာချိန်စုစုပေါင်းနှင့် ဖယ်ရှားမှု တစ်ခုနှင့်တစ်ခု နီးစပ်မှုတို့ ကဲ့သို့သော အခြားအကြောင်းအရာများ၏ ပုံမှန်ဖြစ်မှု။

အဆိုပါ ပုံမှန်ဖယ်ရှားမှု အမူအကျင့်များကြောင့် နေရာထားရှိမှု အပြောင်းအလဲ လုပ်မည် မလုပ်မည်ကို ကျောင်းခရိုင်မှ ဖြစ်စဉ်တစ်ခုစီအပေါ် မူတည်၍ ဆုံးဖြတ်ပေးရမည်ဖြစ်ပြီး ထိုဆုံးဖြတ်ချက်ကို စိန်ခေါ်လာပါက တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ဆောင်ရွက်မှုနှင့် တရားစီရင်ရေး ဆောင်ရွက်မှုများဖြင့် ပြန်လည်သုံးသပ်နိုင်ရမည်။

## အနေအထားကို သတ်မှတ်ခြင်း

34 CFR § 300.531

တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အဖွဲ့သည် **နေရာထားရှိမှု အပြောင်းအလဲများ**ဖြစ်သည့် ဖယ်ရှားမှုနှင့် ***ထပ်ဆောင်းအခွင့်အာဏာ***နှင့် ***အထူးအခြေအနေများ*** ခေါင်းစဉ်ခွဲများအရ ဖယ်ရှားမှုများအတွက် ကြားကာလ အစားထိုး ပညာသင်ကြားမှုကို သတ်မှတ်ဆုံးဖြတ်ရမည်။

## အယူခံဝင်ခြင်း

**34 CFR § 300.532**

**အထွေထွေ**

အောက်ပါတို့နှင့် သဘောမတူပါက (***တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ***ခေါင်းစဉ်ကို ကြည့်ပါ) တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတစ်ခုကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုကို လုပ်နိုင်သည်-

1. ဤစည်းကမ်းကြပ်မတ်မှု ပြဋ္ဌာန်းချက်များအရ နေရာထားရှိမှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် မှန်သမျှ **<u>သို့မဟုတ်</u>**
2. အထက်ဖော်ပြပါ အရင်းခံမှုကို သတ်မှတ်ခြင်း။

ကျောင်းခရိုင်သည် သင့်ကလေးအား လက်ရှိနေရာထားရှိမှုကို ဆက်လက်ထိန်းသိမ်းပါက သင့်ကလေး သို့မဟုတ် အခြားသူတို့အပေါ် အနာတရ ဖြစ်နိုင်ခြေများသည်ဟု ယုံကြည်ပါက တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတစ်ခုကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုဖြင့် (အထက်တွင်ကြည့်ပါ) တောင်းဆိုနိုင်သည်။

**ကြားနာရေး အရာရှိ၏ အခွင့်အာဏာ**

အထက်ဖော်ပြပါ ***ဘက်မလိုက်သည့် ကြားနာရေး အရာရှိ*** ခေါင်းစဉ်ခွဲတွင် ဖော်ပြထားသည့်အတိုင်း လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကြားနာရေး အရာရှိသည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှု လုပ်ဆောင်ပြီး ဆုံးဖြတ်ချက်ချရမည်။ ဤကြားနာရေး အရာရှိသည်-

1. ကြားနာရေး အရာရှိက မသန်စွမ်းသည့် သင့်ကလေးအား နေရာထားရှိမှုမှ ဖယ်ရှားခြင်းသည် ***ကျောင်းဝန်ထမ်း၏ အခွင့်အာဏာ***ခေါင်းစဉ်ပါ လိုအပ်ချက်များကို ချိုးဖောက်မှုဖြစ်သည် သို့မဟုတ် သင့်ကလေး၏ အပြုအမူသည် သင့်ကလေး မသန်စွမ်းမှုမှ အရင်းခံသည်ဟု ဆုံးဖြတ်ခဲ့ပါက သင့်ကလေးကို ယခင်နေရာထားရှိမှုသို့ ပြန်လည်ထားရှိနိုင်သည် **<u>သို့မဟုတ်</u>**
2. ကြားနာရေး အရာရှိက သင့်ကလေးအား လက်ရှိနေရာထားရှိမှုကို ဆက်လက်ထိန်းသိမ်းပါက သင့်ကလေး သို့မဟုတ် အခြားသူတို့အပေါ် အနာတရ ဖြစ်နိုင်ခြေများသည်ဟု ဆုံးဖြတ်ပါက သင့်မသန်စွမ်းသည့် ကလေးကို သင့်လျော်သည့် ကြားကာလ အစားထိုး ပညာသင်ကြားမှုတွင် ကျောင်းဖွင့်ရက် 45 ရက်ထက် မကျော်ဘဲ နေရာပြောင်းလဲ ထားရှိနိုင်သည်။

ကျောင်းခရိုင်က သင့်ကလေးအား မူရင်းနေရာထားရှိမှုသို့ ပြန်ပို့ပါက သင့်ကလေး သို့မဟုတ် အခြားသူတို့အပေါ် အနာတရ ဖြစ်နိုင်ခြေများသည်ဟု ယုံကြည်ပါက ဤကြားနာမှု လုပ်ထုံးလုပ်နည်းများကို တစ်ဖန်ပြန်လည် ဆောင်ရွက်ရမည်။

သင် သို့မဟုတ် ကျောင်းခရိုင်က အဆိုပါ ကြားနာမှုကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခု လုပ်ဆောင်ပါက အောက်ပါအခြေအနေများမှလွဲပြီး ***တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ၊ တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုများအတွက် ကြားနာမှုများ***နှင့် ***ဆုံးဖြတ်ချက်များကို အယူခံဝင်ခြင်း၊ ဘက်မလိုက်သည့် ပြန်လည်သုံးသပ်မှု*** ခေါင်းစဉ်တို့တွင် ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကြားနာမှုတစ်ခုကို လုပ်ဆောင်ရမည်-

1. ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်သည် ကြားနာမှုအား တောင်းဆိုသည့်ရက်မှ ကျောင်းဖွင့်ရက် ရက် **<u>20</u>** အတွင်း တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ အလျှင်အမြန် ကြားနာမှုတစ်ခုကို စီစဉ်ပေးရမည်ဖြစ်ပြီး ထိုကြားနာမှု စတင်ပြီး ကျောင်းဖွင့်ရက် **<u>10</u>** ရက်အတွင်း ဆုံးဖြတ်ချက် ရရှိရမည်။
2. သင်နှင့် ကျောင်းခရိုင်က အစည်းအဝေးကို ပလပ်ရန် သို့မဟုတ် ကြားဝင်ဖြန်ဖြေမှု အသုံးပြုရန် စာဖြင့်ရေးသား သဘောတူခြင်း မရှိသရွေ့ ဖြေရှင်းရေး အစည်းအဝေးကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုအရ အသိပေးစာကို လက်ခံရရှိပြီး ပြက္ခဒိန်ရက် **<u>ခုနစ်</u>**ရက်အတွင်း ဖြေရှင်းရေး အစည်းအဝေးကို လုပ်ဆောင်ရမည်။ ပြဿနာကို တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှု လက်ခံရရှိပြီး ပြက္ခဒိန်ရက် **<u>15</u>** ရက်အတွင်း နှစ်ဦးနှစ်ဖက်စလုံး ကျေနပ်သည်အထိ ဖြေရှင်းနိုင်ခြင်း မရှိသရွေ့ ကြားနာမှုကို ဆက်လက်လုပ်ဆောင်ရမည်။
3. ပြည်နယ်သည် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ အလျှင်အမြန် ကြားနာမှုများအတွက် အခြားတရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများတွင် အချိန်ကန့်သတ်ချက်မှလွဲပြီး ချမှတ်ထားသည်များနှင့် မတူညီသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းကမ်းချက်များကို ချမှတ်နိုင်သော်လည်း ၎င်းစည်းကမ်းချက်များသည် တရား မျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများအတွက် ဤစာရွက်စာတမ်းပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်။

သင် သို့မဟုတ် ကျောင်းခရိုင်သည် အခြားတရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများအတွက် ဆုံးဖြတ်ချက်များတွင် လုပ်ဆောင်နိုင်သည့်အတိုင်း တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ အလျှင်အမြန် ကြားနာမှုတစ်ခု၏ ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်သည် (***အယူခံ***ခေါင်းစဉ်တွင် ကြည့်ပါ)။

## အယူခံအတွင်း နေရာထားရှိမှု

34 CFR §300.533

အထက်တွင်ဖော်ပြထားသည့်အတိုင်း သင် သို့မဟုတ် ကျောင်းခရိုင်က စည်းကမ်းကြပ်မှုရေး ကိစ္စများနှင့်ပတ်သက်ပြီး တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ တိုင်ကြားမှုတစ်ခု လုပ်ဆောင်လျှင် သင့်ကလေးကို (သင်နှင့် ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် ကျောင်းခရိုင်က ထိုသို့မလုပ်ရန် သဘောတူထားခြင်း မရှိသရွေ့) ကြားနာရေး အရာရှိ၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်တွင်ဖြစ်စေ၊ ***ကျောင်းဝန်ထမ်း၏ အခွင့်အာဏာ***ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့်အတိုင်း သတ်မှတ်ခဲ့သည့် ဖယ်ရှားရန်ကြာချိန် မကုန်ဆုံးမီအထိဖြစ်စေ ဦးစွာပြီးစီးမည့်အချိန်အထိ ကြားကာလ အစားထိုး ပညာသင်ကြားရေးတွင် ဆက်လက်ထားရှိရမည်။

## အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အကျုံးမဝင်သေးသည့် ကလေးသူငယ်များ အတွက် အကာအကွယ်များ

34 CFR §300.534

**အထွေထွေ**

သင့်ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အကျုံးမဝင်သေးဘဲ ကျောင်းစည်းကမ်းကို ချိုးဖောက်ခဲ့သော်လည်း ကျောင်းခရိုင်သည် စည်းကြပ်အပြစ်ပေးမှု ဖြစ်စေမည့် အပြုအမူကို မလုပ်မီ ကျောင်းခရိုင်က သိထားပါက (အောက်တွင်ဖော်ပြထားသည့်အတိုင်း)၊ သင့်ကလေးသည် မသန်စွမ်းသည့်ကလေး ဖြစ်ကြောင်းကို သိထားပါက သင့်ကလေးကို ဤအသိပေးစာတွင် ဖော်ပြထားသည့် အကာအကွယ်မှန်သမျှကို ရယူနိုင်မည်။

**စည်းကြပ်အပြစ်ပေးမှု ကိစ္စရပ်များအကြောင်း သိရှိနားလည်မှု အခြေခံ**

စည်းကြပ်အပြစ်ပေးမှု ဖြစ်စေသည့် အပြုအမူ မဖြစ်မီ အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် ကျောင်းခရိုင်သည် သင့်ကလေးမှာ မသန်စွမ်းသည့် ကလေးဖြစ်သည်ဟု သိရှိကြောင်း မှတ်ယူရမည်-

1. သင့်လျော်သည့် ပညာရေး အေဂျင်စီ၏ ကြီးကြပ်ရေး သို့မဟုတ် အုပ်ချုပ်ရေး ဝန်ထမ်းများထံဖြစ်စေ၊ သင့်ကလေး၏ ဆရာထံဖြစ်စေ သင့်ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်ကြောင်း သင်သည် စာဖြင့်ရေးသား အသိပေးခဲ့လျှင်၊

2. IDEA ၏ အပိုင်း B အရ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် အကျုံးဝင်မှုအတွက် အကဲဖြတ်ချက် တစ်ခု သင်တောင်းဆိုခဲ့လျှင် **သို့မဟုတ်**

3. သင့်ကလေး၏ ဆရာ သို့မဟုတ် အခြား ကျောင်းခရိုင် ဝန်ထမ်းများက သင့်ကလေး၏ အပြုအမူ ပုံစံတစ်ခုအတွက် စိုးရိမ်ကြောင်း ကျောင်းခရိုင်၏ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် ကျောင်းခရိုင်၏ အခြား ကြီးကြပ်ရေး ဝန်ထမ်းများထံ တိုက်ရိုက်အသိပေးခဲ့လျှင်။

**ချွင်းချက်**

အောက်ပါအခြေအနေများတွင် ကျောင်းခရိုင်က သိရှိထားခြင်းမရှိဟု မှတ်ယူရမည်-

1. သင့်ကလေးအား အကဲဖြတ်မှုလုပ်ရန် ခွင့်မပြုခဲ့လျှင် သို့မဟုတ် အထူးပညာရေး ဝန်ဆောင်မှုများ ရယူရန် ငြင်းဆိုခဲ့လျှင် **သို့မဟုတ်**

2. သင့်ကလေးကို IDEA ၏ အပိုင်း B အရ မသန်စွမ်းမှု မရှိကြောင်း အကဲဖြတ်ပြီး အတည်ပြုခဲ့လျှင်။

**သိရှိနားလည်ကြောင်း အခြေခံမရှိပါက အကျုံးဝင်မည့် စည်းကမ်းချက်များ**

သင့်ကလေးအား စည်းကြပ်အပြစ်ပေးမှု မလုပ်ဆောင်မီ ကျောင်းခရိုင်က အထက်ဖော်ပြပါ ***စည်းကြပ်အပြစ်ပေးမှု ကိစ္စရပ်များအကြောင်း သိရှိနားလည်မှု အခြေခံ***နှင့် ***ချွင်းချက်*** ခေါင်းစဉ်ခွဲများတွင် ဖော်ပြထားသည့်အတိုင်း သင့်ကလေးသည် မသန်စွမ်းသည့်ကလေးဖြစ်သည်ဟု သိရှိနားလည်ခြင်း မရှိပါက သင့်ကလေးကို အလားတူ အပြုအမူများ လုပ်ဆောင်သည့် သာမန်ကလေးသူငယ်များအပေါ် ချမှတ်မည့် စည်းကြပ်အပြစ်ပေးမှုများကို ရင်ဆိုင်ရနိုင်သည်။

သို့သော်လည်း သင့်ကလေးအား စည်းကြပ်အပြစ်ပေးမှု လုပ်ဆောင်နေသည့် ကာလအတွင်း သင့်ကလေးအတွက် အကဲဖြတ်မှု လုပ်ဆောင်ရန် တောင်းဆိုခဲ့ပါက ထိုအကဲဖြတ်မှုကို အလျှင်အမြန် လုပ်ဆောင်ရမည်။

အကဲဖြတ်မှု မပြီးသေးသရွေ့ သင့်ကလေးကို ကျောင်းအာဏာပိုင်များမှ သတ်မှတ်ထားသည့် ပညာရေးအရ နေရာထားရှိမှုတွင် ဆက်လက်ထားရှိရမည်ဖြစ်ပြီး ထိုနေရာထားရှိမှုတွင် ပညာရေး ဝန်ဆောင်မှုများ မပေးဘဲ ဆိုင်းငံ့မှု သို့မဟုတ် ကျောင်းထုတ်မှုများ ပါဝင်နိုင်သည်။

ကျောင်းခရိုင်မှ ဆောင်ရွက်ခဲ့သည့် အကဲဖြတ်မှုမှ အချက်အလက်များနှင့် သင်ပံ့ပိုးပေးသည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားပြီးနောက် သင့်ကလေးကို မသန်စွမ်းသည့် ကလေးသူငယ်ဟု သတ်မှတ်ခဲ့ပါက ကျောင်းခရိုင်သည် အထက်ဖော်ပြပါ စည်းကြပ်အပြစ်ပေးမှုဆိုင်ရာ လိုအပ်ချက်များ အပါအဝင် IDEA ၏ အပိုင်း B နှင့်အညီ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရမည်။

## ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး အာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ခြင်းနှင့် ၎င်းတို့မှ အရေးယူ ဆောင်ရွက်ခြင်း

34 CFR §300.535

IDEA ၏ အပိုင်း B သည်-

1. အေဂျင်စီတစ်ခုအား မသန်စွမ်းသည့် ကလေးသူငယ်တစ်ဦးက ကျူးလွန်ခဲ့သည့် ပြစ်မှုတစ်ခုကို သင့်လျော်သည့် အာဏာပိုင်များသို့ တိုင်ကြားရန် တားမြစ်မည် **သို့မဟုတ်**

2. ပြည်နယ်ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး အာဏာပိုင်များအား မသန်စွမ်းသည့် ကလေးသူငယ်တစ်ဦးက ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေများအရ ၎င်းတို့၏ တာဝန်ဝတ္တရားများအတိုင်း ဆောင်ရွက်မှုများကို တားဆီးမည် မဟုတ်ပါ။

**မှတ်တမ်းများ လွှဲပြောင်းပေးပို့ခြင်း**

ကျောင်းခရိုင်တစ်ခုက မသန်စွမ်းသည့် ကလေးတစ်ဦး ကျူးလွန်ခဲ့သည့် ပြစ်မှုတစ်ခုအကြောင်း အစီရင်ခံလျှင် ထိုကျောင်းခရိုင်သည်-

1. ထိုကလေး၏ အထူးပညာရေးနှင့် စည်းကြပ်အပြစ်ပေးမှု မှတ်တမ်းမိတ္တူများကို အေဂျင်စီက ဦးတိုက်တိုင်ကြားခဲ့သည့် အာဏာပိုင်တို့ ကြည့်ရှုစဉ်းစားပေးနိုင်ရန် လွှဲပြောင်းပေးပို့ရမည်။ **ပြီးလျှင်**

2. ကလေး၏ အထူးပညာရေးနှင့် စည်းကြပ်အပြစ်ပေးမှု မှတ်တမ်းမိတ္တူများကို ပညာရေးဆိုင်ရာ မိသားစု အခွင့်အရေးများနှင့် ကိုယ်ရေးအချက်အလက် မပေါက်ကြားရေး အက်ဥပဒေ (FERPA) အရ ခွင့်ပြုထားသည့် အတိုင်းအတာအထိသာ လွှဲပြောင်းပေးပို့ရမည်။

# ကလေးမိဘများက ပြည်သူ့အခွန်ငွေဖြင့် ပုဂ္ဂလိပိုင်ကျောင်းများတွင် ၎င်းတို့ရွေးချယ်မှုအလျောက် အပ်နှံနိုင်ရန် လိုအပ်ချက်များ

## ၎င်းတို့ဆန္ဒအလျောက် ပုဂ္ဂလိကပိုင်ကျောင်းတွင် အပ်နှံထားသည့် ကလေးသူငယ်များအတွက် ဖက်ဒရယ်အဆင့် လိုအပ်ချက်များ

34 CFR §300.131 မှ 34 CFR §144 အထိ

IDEA ၏ အပိုင်း B အရ ကျောင်းခရိုင်အနေဖြင့် သင့်ကလေးအတွက် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ဖြင့်ပံ့ပိုးပေးခဲ့ပြီး သင်က သင့်ကလေးကို ပုဂ္ဂလိကပိုင်ကျောင်း သို့မဟုတ် ဝန်ဆောင်မှုတွင် အပ်နှံရန် ဆုံးဖြတ်ခဲ့ပါက မသန်စွမ်းသူ သင့်ကလေး၏ ပုဂ္ဂလိကကျောင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ခုတွင် လက်ခံရရှိမည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် ပညာရေးအတွက် ကုန်ကျစရိတ်များကို ထိုကျောင်းခရိုင်က ကျခံရန် မလိုအပ်ပါ။ သို့သော်လည်း ပုဂ္ဂလိကကျောင်းရှိရာ ကျောင်းခရိုင်သည် ၎င်းတို့မိဘများက 34 CFR §§300.131 မှ 300.144 အထိ စည်းကမ်းချက်များအရ ပုဂ္ဂလိကပိုင် ကျောင်းများတွင် ထားခဲ့သော ကလေးများနှင့် ပတ်သက်ပြီး အပိုင်း B ပါ ပြဋ္ဌာန်းချက်များအရ လိုအပ်ချက်များကို ဖြေရှင်းပေးခဲ့သည့် လူအရေအတွက်တွင် သင့်ကလေးကို ထည့်သွင်းရန် လိုအပ်သည်။

## * ၎င်းတို့ဆန္ဒအလျောက် ပုဂ္ဂလိကပိုင်ကျောင်းတွင် အပ်နှံထားသည့် ကလေးသူငယ်များအတွက် ပြည်နယ်အဆင့် လိုအပ်ချက်များ

K.S.A. 72-3462 နှင့် K.A.R. 91-40-43၊ 91-40-45၊ 91-40-46 နှင့် 91-40-47

ပုဂ္ဂလိကပိုင်ကျောင်းများ တက်နေသည့် တစ်မူထူးခြားသည့် ကလေးသူငယ်များသည် ထိုကျောင်းသားနှင့် မိဘတို့ နေထိုင်ရာ ကျောင်းခရိုင်မှ IEP တစ်ခုဖြင့် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ကို တောင်းဆိုသည်နှင့် လက်ခံ ရယူခွင့်ရှိသည်။ သို့သော်လည်း ကလေး၏ မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် ပုဂ္ဂလိကကျောင်း အရာရှိများနှင့် တိုင်ပင် ဆွေးနွေးပြီးလျှင် ကျောင်းခရိုင်က အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးရမည့်နေရာကို ဆုံးဖြတ်ပေးရမည်။

- ဝန်ဆောင်မှုများကို ပြည်သူပိုင်ကျောင်းတွင် ပံ့ပိုးပေးခြင်း ဖြစ်ပါက ထိုပြည်သူပိုင်ကျောင်းသည် ကလေး၏ ပုဂ္ဂလိကကျောင်း သို့မဟုတ် အိမ်မှ ထိုကလေး ဝန်ဆောင်မှုရရှိသည့် နေရာသို့၊ ဝန်ဆောင်မှုရရှိသည့်နေရာမှ ကလေး၏ ပုဂ္ဂလိကကျောင်း သို့မဟုတ် အိမ်သို့ သယ်ယူပို့ဆောင်မှု ဆောင်ရွက်ပေးရမည်။
- ဝန်ဆောင်မှုကို ပုဂ္ဂလိကကျောင်းတွင် ပံ့ပိုးပေးခြင်းဖြစ်ပါက ထိုဝန်ဆောင်မှုများ ပံ့ပိုးပေးရန် ကုန်ကျစရိတ်ကို ပြည်သူပိုင်ကျောင်းများတွင် တူညီသည့် ဝန်ဆောင်မှုများပေးရန် ကျောင်းခရိုင်အတွက် ပျမ်းမျှကုန်ကျစရိတ်ဖြင့် ကန့်သတ်ထားရမည်။

ကျောင်းခရိုင်သည် သယ်ယူပို့ဆောင်ရေး အပါအဝင် ကျောင်းခရိုင်ပြင်ပသို့ ဝန်ဆောင်မှုများပေးရန် မလိုပါ။

IEP တစ်ခုအရ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ရယူနေသည့် ပုဂ္ဂလိကကျောင်းနေ ကလေးများ၏ မိဘများသည် အထူးပညာရေးဆိုင်ရာ ကြားဝင်ဖြန်ဖြေမှု သို့မဟုတ် တရားမျှတသည့် ရပိုင်ခွင့်နှင့်အညီ အထူးပညာရေး ဆိုင်ရာ ကြားနာမှုတစ်ခု တောင်းဆိုနိုင်သည်။

## FAPE နှင့်ပတ်သက်၍ ပြဿနာရှိပါက

34 CFR §300.148၊ K.A.R. 91-40-41

**ပုဂ္ဂလိကကျောင်းတွင် ထားရှိမှုအတွက် ငွေပြန်အမ်းခြင်း**

တစ်မူထူးခြားသည့် သင့်ကလေးသည် ကျောင်းခရိုင်တစ်ခု၏ အခွင့်အာဏာအရ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများကို လက်ခံရရှိခဲ့ပြီး သင့်ကလေးကို ထိုကျောင်းခရိုင်၏ သဘောတူခွင့်ပြုချက် သို့မဟုတ် လွှဲပြောင်းပေးမှု မရှိဘဲ ပုဂ္ဂလိကပိုင် မူကြို၊ မူလတန်း သို့မဟုတ် မူလတန်းလွန်ကျောင်းများတွင် သင်ရွေးချယ်အပ်နှံခဲ့ပါက ထိုသို့ ကျောင်းအပ်မှုမတိုင်မီ ထိုကျောင်းခရိုင်သည် သင့်ကလေးအတွက် သင့်လျော်သည့် အခမဲ့ ပြည်သူပိုင်ကျောင်း ပညာရေး (FAPE) ဖြင့် အချိန်မီ ထောက်ပံ့ပေးခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကကျောင်းတွင် ထားရှိမှုသည်လည်း သင့်လျော်ကြောင်း တရားရုံး သို့မဟုတ် ကြားနာရေး အရာရှိတစ်ဦးက တွေ့ရှိခဲ့ပါက ထိုတရားရုံး သို့မဟုတ် ကြားနာရေး အရာရှိက ကျောင်းခရိုင်ကို သင်ထိုသို့ ကျောင်းအပ်နှံရန် ကုန်ကျစရိတ်အား ကျခံရန် အမိန့်ချနိုင်သည်။ ကြားနာရေး အရာရှိ သို့မဟုတ် တရားရုံးသည် သင့်နေရာထားရှိမှုမှာ ပြည်နယ်ပညာရေး အေဂျင်စီနှင့် ကျောင်းခရိုင်များမှ ပံ့ပိုးပေးသည့် ပညာရေးဆိုင်ရာ ပြည်နယ် စံချိန်စံညွှန်းများနှင့် မကိုက်ညီစေကာမူ ထိုနေရာထားရှိမှုသည် သင့်လျော်သည်ဟု သတ်မှတ်နိုင်သည်။

**ငွေပြန်အမ်းရာတွင် ကန့်သတ်ချက်**

အောက်ပါအခြေအနေများတွင် အထက်စာပိုဒ်ပါ ကုန်ကျစရိတ် ပြန်အမ်းမှုကို လျှော့ချခြင်း သို့မဟုတ် ပယ်ချခြင်းများ လုပ်နိုင်သည်-

1. အကယ်၍- (a) သင့်ကလေးအား ပြည်သူပိုင်ကျောင်းမှ သင်မထုတ်မီ သင်နောက်ဆုံးတက်ရောက်ခဲ့သည့် တစ်ဦးစီ အလိုက် ပညာရေး အစီအစဉ် (IEP) အစည်းအဝေးတွင် IEP အဖွဲ့အား ကျောင်းခရိုင်က သင့်ကလေးအတွက် FAPE ဖြင့်ပံ့ပိုးရန် အဆိုပြုသည့် နေရာထားရှိမှုကို သင်ငြင်းပယ်ကြောင်းနှင့် သင့်စိုးရိမ်မှုများနှင့် သင့်ကလေးအား ပြည်သူ့ကျောင်းစရိတ်ဖြင့် ပုဂ္ဂလိကကျောင်းတွင် အပ်နှံရန် သင့်ရည်ရွယ်ချက်တို့ကို အသိပေးခဲ့ခြင်း မရှိလျှင်

သို့မဟုတ် (b) သင့်ကလေးအား ပြည်သူပိုင်ကျောင်းမှ သင်မထုတ်မီ လုပ်ငန်းဖွင့်ရက် 10 ရက် (လုပ်ငန်းဖွင့်ရက်တွင် ကျရောက်သည့် ရုံးပိတ်ရက်များ အပါအဝင်) အနည်းဆုံး ကြိုတင်ပြီး ထိုအချက်အလက်များအကြောင်း ကျောင်းခရိုင်သို့ စာဖြင့်ရေးသား ကြိုတင်အသိပေးစာ မပေးခဲ့လျှင်။

2. သင့်ကလေးအား ပြည်သူပိုင်ကျောင်းမှ သင်မထုတ်မီ ကျောင်းခရိုင်က သင့်ကလေးအား အကဲဖြတ်ရန် ရည်ရွယ်ထားကြောင်း သင့်ထံ စာဖြင့်ရေးသား ကြိုတင်အသိပေးစာ (အကဲဖြတ်မှုအတွက် သင့်လျော်ပြီး ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်း ဖော်ပြချက် အပါအဝင်) တစ်စောင် ပေးပို့ခဲ့သော်လည်း သင့်ကလေးအား အကဲဖြတ်ခွင့် သင်မပေးခဲ့လျှင် **သို့မဟုတ်**

3. သင့်ဆောင်ရွက်မှုများမှာ ကျိုးကြောင်းဆီလျော်ခြင်းမရှိဟု တရားရုံးက တွေ့ရှိခဲ့လျှင်။

သို့သော်လည်း ကုန်ကျစရိတ် ပြန်အမ်းမှုကို

1. အောက်ပါအခြေအနေများကြောင့် အသိပေးရန် ပျက်ကွက်မှုများတွင် လျှော့ချခြင်း သို့မဟုတ် ပယ်ချခြင်းများ မရှိစေရ- (a) ကျောင်းခရိုင်က သင်အသိပေးစာ မပေးနိုင်ရန် တားဆီးခဲ့လျှင်၊ (b) အထက်ဖော်ပြပါ အသိပေးစာပေးရန် သင့်ဝတ္တရားအကြောင်း အသိပေးစာ သင်လက်ခံရရှိခြင်း မရှိသေးလျှင် သို့မဟုတ် (c) အထက်ဖော်ပြပါ လိုအပ်ချက်များကို လိုက်နာပါက သင့်ကလေးအတွက် ရုပ်ခန္ဓာအနာတရ ဖြစ်နိုင်ခြေများလျှင်။ **ပြီးလျှင်**

2. တရားရုံး သို့မဟုတ် ကြားနာရေး အရာရှိ၏ ဆုံးဖြတ်ချက်အရ အောက်ပါအခြေအနေများတွင် လိုအပ်သည့် အသိပေးစာပေးရန် ပျက်ကွက်မှုကြောင့် ပမာဏလျှော့ချခြင်း သို့မဟုတ် ပယ်ချခြင်းများ မရှိစေရ- (a) သင်စာမတတ်လျှင် သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် မရေးနိုင်လျှင် သို့မဟုတ် (b) အထက်ပါ လိုအပ်ချက်များကို လိုက်နာပါက သင့်ကလေးအတွက် စိတ်ခံစားမှု အနာတရ ပြင်းထန်စွာ ဖြစ်နိုင်ခြေများလျှင်။